# နယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအဖွဲ့ကြီး
# (The Border Consortium)
# နှစ်စဉ် အစီရင်ခံစာ ၂၀၂၁ ခုနှစ်

## ရည်ညွှန်းစကား

ယခု အစီရင်ခံစာသည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့က ကွယ်လွန်ခဲ့သည့် မိမိတို့၏ မိတ်ဆွေဖြစ်သူ နှင့် လုပ်ဖော်ကိုင်ဖက် စောရော့ဂ်ာကီစိန်ဒွေးအတွက် ဂုဏ်ပြုရည်ညွှန်းပါသည်။ သူနှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်ခဲ့ရသည့်အတွက် မိမိတို့ အားလုံး အခွင့်ထူး ဖြစ်ခဲ့ရပါသည်။ သရာ ရော်ကီကို မိမိတို့ သတိတရ ရှိနေကြမည် ဖြစ်ပါသည်။ သို့သော်လည်း သင်၏ ဝိညာဉ် ဆက်လက် ရှင်သန်နေမည်ကို မိမိတို့ သိနေပါသည်။

## အစီရင်ခံစာ အကျဉ်းချုပ်

ယခု အစီရင်ခံစာသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လွှမ်းခြုံပြီး၊ TBC အဖွဲ့၏ ၂၀၂၀-၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံ နှင့် မြန်မာနိုင်ငံအတွက် မဟာဗျူဟာမြောက် လမ်းညွှန်ချက်များကို အခြေခံ၍ တိုးတက်မှုများကို ဖော်ပြထားပါသည်။

မြန်မာစစ်တပ်က ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ရွေးကောက်ပွဲ မဲမသမာမှုများကို အကြောင်းပြ၍ စစ်အာဏာသိမ်းခဲ့သည်။ ယင်း နောက်ပိုင်းတွင် အာဏာသိမ်းစစ်ကောင်စီ (SAC) က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီဘဲ အာဏာသိမ်းမှုအပေါ် ကန့်ကွက်သည့် နိုင်ငံအနှံ့အပြား ဆန္ဒပြပွဲများ ဖြစ်ပေါ်လာခဲ့သည်။ ဆန္ဒပြပွဲများကို ချေမှုန်းရာတွင် စစ်တပ်က လူပေါင်း ၁,၃၀၀ ကျော်ကို သတ်ဖြတ်ခဲ့ပြီး၊ မြန်မာစစ်တပ်ကို ဆန့်ကျင်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ (EAOs) များ၊ ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့များနှင့် လက်နက်ကိုင်တိုက်ပွဲများလည်း တိုးများလာခဲ့သည်။ စစ်အာဏာသိမ်းကောင်စီ (SAC) ကိုဆန့်ကျင်၍ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) ကို ဖွဲ့စည်းခဲ့ကြပြီး၊ ယင်းက နိုင်ငံတကာ မျက်နှာစာတွင် (SAC) စစ်ကောင်စီ အတွက် အဓိက အတိုက်အခံအဖြစ် ရပ်တည်ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ကရင်ပြည်နယ် မြောက် ပိုင်းနှင့် ကယားပြည်နယ်တို့တွင် အရပ်သားပြည်သူများအပေါ် ခွဲခြားမှုမရှိဘဲ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ကြောင့်၊ ယခုနှစ်ကုန်တွင် လူပေါင်း ၂၀၀,၀၀၀ ကျော် အထိ အိုးအိမ်စွန့်ပစ် ထွက်ပြေးခဲ့ကြရသည်။ မြန်မာနိုင်ငံအတွင်းရှိ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများနှင့် ပတ်သက်၍ တိုး၍စိုးရိမ်ဖွယ် ရှိနေပြီး၊ အပြုသဘောဆောင်သည့် တိုးတက်မှု နယ်ပယ် အနည်းကျဉ်းမျှသာ ရှိသည်။ TBC အဖွဲ့က အရပ်သား ၂၀၀,၀၀၀ ကျော်အတွက် အရေးပေါ်တုံ့ပြန်မှု အကူအညီ များ ပေးအပ်နိုင်ခဲ့ပြီး၊ ကဏ္ဍပေါင်းစုံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ရရှိနိုင်မှုကြောင့် အခြေခံလိုအပ်ချက်များ သက်သာစေခဲ့သည်။ စစ်အာဏာသိမ်းမှုနှင့် နောက်ပိုင်း ဗဟိုအစိုးရတွင် ပြိုကွဲကျဆင်းမှုများကြောင့် COVID-19 ကူးစက် ကပ်ဘေး ခြိမ်းခြောက်မှု ပို၍ ကြီးထွားစေခဲ့သည်။ ကာကွယ်ဆေးထိုးပေးရန် ကြိုးပမ်းဆောင်ရွက်သော်လည်း မအောင်မြင်ဘဲ၊ COVID-19 ကူးစက်မှုအပေါ် ကျန်းမာရေး စောင့်ရှောက်ပေးမှုများလည်း လုံလောက်မှု မရှိပေ။ ယခုနှစ်ကုန်တွင် COVID-19 ကူးစက်ကပ်ဘေးကြောင့် လူပေါင်း ၁၆,၀၀၀ ခန့် သေဆုံးခဲ့ရသည်။ စစ်အာဏာသိမ်းမှုကြောင့် မြန်မာ့စီးပွားရေးနှင့် ဘဏ် စနစ်ကိုလည်း အကြီးအကျယ် ထိခိုက်စေပြီး၊ ဆင်းရဲတွင်းအောက် ကျရောက်သူ လူထုအရေအတွက် အကြီးအကျယ် တိုးများလာစေသည်။

ထိုင်းနိုင်ငံတွင် ဒုက္ခသည်စခန်း ၈-ခုအတွင်း COVID-19 ကူးစက်ပြန့်ပွားမှု ဖြစ်ပွားခဲ့သည်။ ကိုရိုနာ ဗိုင်းရပ်စ် ကူးစက်မှု ကြို တင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး လုပ်ထုံးများ Coronavirus Infection Prevention & Control (IPC) protocols ယခုတနှစ်လုံးတွင် ဆက်လက်၍ အကောင်အထည်ဖော်ဆဲ ရှိပြီး၊ စခန်းများနှင့် ဆက်သွယ်ရေးကိစ္စ အများစုတွင် အဝေးမှသာ ဆောင်ရွက်ရသည့် အခြေအနေ ဖြစ်စေခဲ့သည်။ စားနပ်ရိက္ခာ လုံခြုံမှုဆိုင်ရာ ပြဿနာ စိန်ခေါ်မှုများ ဆက်လက်၍ ကြီးထွားနေဆဲ ဖြစ်သော်လည်း၊ စခန်းများတွင် တည်ငြိမ်နေဆဲ ဖြစ်သည်။ အမှန်ဆိုရလျှင် စခန်းများတွင် နေထိုင်ကြသည့် ဒုက္ခသည်များ၏ လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများဖြစ်သည့် အစားအသောက်များ၊ စားသုံးဆီများ နှင့် အမိုးအကာများကို ဖြည့်ဆည်းပေးနိုင်သည်။ (TBC) အဖွဲ့က အာဟာရရှိမှု၊ အမိုးအကာနှင့် စခန်းအုပ်ချုပ်စီမံမှုတို့နှင့် ပတ်သက်၍ အရေးပါသည့် လှုပ်ရှားဆောင်ရွက်မှုများ ပြုခဲ့သည်။ COVID-19 ကူးစက်ဘေးနှင့် စစ်အာဏာသိမ်းမှုကြောင့်၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ဦးဆောင် ဆောင်ရွက်နေသည့် မိမိဆန္ဒအလျောက် အိမ်ပြန်ရေးလုပ်ငန်းများသည်လည်း ၂၀၂၀ ခုနှစ်တွင် ဆိုင်းငံ့ထားခဲ့ရသည်။ အလားတူပင် TBC အဖွဲ့၏ အိမ်ပြန်ကြသူ ဒုက္ခသည်များ ပြင်ဆင်မှုရှိရေး အကူအညီပေးမှုများမှာလည်း ဆိုင်းငံ့ထားခဲ့ရသည်။ TBC အဖွဲ့က မြန်မာနိုင်ငံတွင် တိုက်ပွဲများကြောင့် အိုးအိမ်စွန့်ပစ် ထွက်ပြေးလာရသူများနှင့် ထိုင်းနိုင်ငံတွင် ခိုလှုံလာကြသူများအတွက် အရေးပေါ် လူသားချင်းစာနာမှု အကူအညီများ ပေးခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ စ၍ ထိုင်းနိုင်ငံတွင်းသို့ ခန့်မှန်း ဒုက္ခသည် ၁၆,၀၀၀ ဦး နယ်စပ်ဖြတ်ကျော် ထွက်ပြေးလာကြပြီး၊ အကာအကွယ်ရရှိရေး အတွက် ခိုလှုံလာခဲ့သည်။ ထိုသူများကို တည်ရှိနေသော ဒုက္ခသည်စခန်းများသို့ ဝင်ခွင့်မပြုဘဲ၊ ဤဒုက္ခသည်အများစုက မြန်မာနိုင်ငံသို့ ဖိအားများအကြားမှပင် ပြန်သွားကြသည်။ ယခုနှစ်ကုန်တွင် ထိုင်းနိုင်ငံတွင်း ယာယီခိုလှုံရာ နေရာများ၌ ဒုက္ခသည် ၃,၂၀၀ ခန့် ကျန်ရှိနေသေးသည်။[1] ဒီဇင်ဘာလကုန်တွင် ယာယီခိုလှုံရေးစခန်းများ၌ လူပေါင်း ၄,၈၀၀ ဦး တရားဝင်ကိန်းဂဏန်းများအရ ကျန်ရှိနေသေးသည်။ တချိန်တည်းတွင် ထိုင်းနိုင်ငံရှိ စခန်း ၉-ခု အတွင်း ဒုက္ခသည် ၈၀,၉၈၂ ဦး ကျန်ရှိနေဆဲဖြစ်ပြီး၊[2] ယင်းတို့အနက် ၄၁၀ ဦးမှာ ယခုနှစ်အတွင်း တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချခဲ့ကြသည်။ စခန်းများအတွင်း မွေးဖွားသူကလေး ၁,၃၁၃ ဦး ရှိခဲ့သည်။[3]

# အခန်း (၁)
# နောက်ဆုံး အခြေအနေ ဖော်ပြချက်

### မြန်မာနိုင်ငံ

မြန်မာ့တပ်မတော်က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အရေးပေါ်အခြေအနေ ကြေညာပြီး၊ တိုင်းပြည်ကို စီမံအုပ်ချုပ်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ စစ်တပ်က ရွေးကောက်ပွဲ မဲမသမာမှုများကို အကြောင်းပြု၍ အာဏာကိုသိမ်းယူခဲ့သော်လည်း၊ သီးခြားလွတ်လပ်သည့် စောင့်ကြည့် လေ့လာသူများကမူ ပယ်ချခဲ့သည်။ ဤအဖြစ်နှင့် ဆန့်ကျင်စွာပင် စစ်အာဏာသိမ်းမှုကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်မညီ၊ (SAC) ကို တရားမဝင်ကြောင်း ရှုံ့ချခဲ့ကြသည်။ စစ်အာဏာသိမ်းမှုဆန့်ကျင်သည့် ဆန္ဒပြပွဲများကို ပြုလုပ်ခဲ့ကြရာတွင် ၂၀၂၁ ခုနှစ်၊ နှစ်ကုန်ပိုင်းအထိ အကြမ်းဖက် ဖြိုခွဲချေမှုန်းမှုကြောင့် လူပေါင်း ၁,၃၀၀ ကျော် သေဆုံးခဲ့ရပြီး၊ လူပေါင်း ၁၁,၀၀၀ ကျော်မှာ ဖမ်းဆီးခံရခြင်း၊ တရားစွဲဆိုခံရခြင်း၊ သို့မဟုတ် ထောင်ဒဏ်အပြစ်ပေးခြင်း ခံခဲ့ကြရသည်။ (SAC) အာဏာသိမ်း စစ်ကောင်စီက အင်တာနက်အသုံးပြုမှုကို

---

1 ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ထိုင်းနိုင်ငံ စာရင်းအင်းများ၊ ဇန်နဝါရီလ ၂၀၂၂ ခုနှစ်။

2 https://www.theborderconsortium.org/wp-content/uploads/2022/01/2021-12-December-map-tbc-unhcr.pdf

3 ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအထိ IOM ထိုင်းနိုင်ငံ၏ ထွက်ခွာသွားသူများ စာရင်းအင်း

ကန့်သတ်ချုပ်ချယ်မှုများ ပြုခဲ့ပြီး၊ တနိုင်ငံလုံး အတိုင်းအတာ သပိတ်မှောက်ဆန္ဒပြပွဲများနှင့် ဗဟိုဘဏ်၏ ထိန်းချုပ်မှုတို့ကြောင့် ပြည်သူ့ရေးရာ ဝန်ဆောင်ပေးမှု ကဏ္ဍများလည်း ပြိုလဲခဲ့ရသည်။ နိုင်ငံရေးအရ အညှိုးထားအပြစ်ပေးခံရမည်ကိုစိုး၍ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးသူ ၁၂,၀၀၀ ခန့်သည် အကြမ်းမဖက် လူထုအာဏာဖီဆန်ရေးလုပ်ငန်းများ (CDM) တွင် ပါဝင်ပတ်သက်မှုကြောင့် ထွက်ပြေးလာကြရပြီး၊ တိုင်းရင်းသားများ ထိန်းချုပ်ရာဒေသများတွင် ခိုလှုံလာကြရသည်။ နိုင်ငံတကာ၏ ကာကွယ်ပေးမှုမရရှိသည့်အလျှောက်၊ စစ်အာဏာသိမ်းကောင်စီ (SAC) ကို ဆန့်ကျင်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ထောက်ခံသူများ၊ နောက်ပိုင်းတွင် တိုင်းရင်းသားနိုင်ငံရေး ပါတီအဖွဲ့ဝင်များနှင့်အတူ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ဖွဲ့စည်းခဲ့ကြသည်။ အကျယ်အပြန့်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက နိုင်ငံရေးအရ ထောက်ခံမှုပေးနိုင်ရန် အမျိုးသားညီညွတ်ရေးအကြံပေး ကောင်စီ (NUCC) ကို တပ်ပေါင်းစု ထီးမိုးသဖွယ် ဖွဲ့စည်းခဲ့ကြသည်။

အထူးသဖြင့် အရပ်သားပြည်သူများကို မခွဲခြားဘဲ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ယခုနှစ်ကုန်၌ လူပေါင်း ၂၀၀,၀၀၀ အထိ အိုးအိမ်စွန့်ပစ် ထွက်ပြေးခဲ့ကြရသည်။ စနစ်တကျ အကြမ်းဖက်မှုများနှင့်အတူ လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်ရပ်ပုံစံများသည်၊ သောင်းကျန်းသူချေမှုန်းရေး "ဖြတ်လေးဖြတ်" စစ်ရေး မဟာဗျူဟာများအတိုင်း ထင်ဟပ်မှုရှိနေပြီး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) များအနေဖြင့် စားနပ်ရိက္ခာ၊ လူသစ်စုဆောင်းမှု၊ ထောက်လှမ်းရေးသတင်းနှင့် အရင်းအမြစ်များ မရရှိနိုင်အောင် အရပ်သားလူထုများကို ပစ်မှတ်ထားဆောင်ရွက်ခဲ့သည့် ပုံစံဖြစ်သည်။ သိသာထူးခြားစွာ စစ်အင်အားတိုးချဲ့လာခြင်း၊ အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် စစ်ပွဲပဋိပက္ခ ဒဏ်ခံနေရသည့် ရပ်ရွာလူထုများအဖို့ ထိခိုက်နစ်နာနိုင်မှုအခြေအနေကို အထူး ဆိုးရွားစေခဲ့သည်။ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့်၊ ပျက်စီးရသည့် ရပ်ရွာလူထုပိုင်အဆောက်အဦးများတွင် ကျောင်းများ၊ ကျန်းမာရေး ဆေးခန်းများနှင့် ဝတ်ပြုကိုးကွယ်ရာ ဘုရားရှစ်ခိုးကျောင်းများ အပါအဝင်ဖြစ်သည်။ ယခု ထိုးစစ်များကြောင့် တောင်ပေါ်ဒေသနေ လယ်သမားများအတွက် ၎င်းတို့၏ တောင်ယာခင်းများသို့ သွားရောက်ရန် မဖြစ်နိုင်တော့ဘဲ၊ လာမည့်မိုးရာသီတွင် တောင်ယာစပါး စိုက်ပျိုးနိုင်ရန် ပြင်ဆင်မှုလုပ်ငန်းများလည်း ရပ်ဆိုင်းကုန်ကြရသည်။ သို့ဖြစ်ရာ လာမည့်နှစ်တွင် စားနပ်ရိက္ခာလုံခြုံရေးအပေါ် ထိခိုက်သက်ရောက်မှု ရှိလာနိုင်သည်။

၂၀၂၁ ခုနှစ် နှစ်ကုန်ချိန်နီးလာချိန်၌၊ မြန်မာ့တပ်မတော်၏ ထိုးစစ်များသည် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကြသည့် အုပ်စုများရှိရာ ကရင်ပြည်နယ် တောင်ပိုင်းနှင့် တနင်္သာရီတိုင်းအထိ ပြန့်နှံ့၍ ပစ်မှတ်ထားလာခဲ့သည်။ ကရင်ပြည်နယ်၊ မြဝတီမြို့ အနီးရှိ လေးကေကော် ဧရိယာကို မြန်မာစစ်တပ်များက ဒီဇင်ဘာလလယ်ပိုင်းတွင် တိုက်ခိုက်ခဲ့ကြပြီး၊ ကျေးရွာလူထုပေါင်း ၂၀,၀၀၀ ကျော် အိုးအိမ်စွန့်ပစ်ထွက်ပြေးရသည်အထိ ဖြစ်စေခဲ့သည်။ အများအပြားမှာ ထိုင်းနိုင်ငံဖက်ခြမ်းတွင် မဖြစ်မနေ ထွက်ပြေး ခိုလှုံခဲ့ကြရသည်။ တချိန်တည်းတွင် အာဏာသိမ်းစစ်ကောင်စီ (SAC) က လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ ပေးမှုများအပေါ် ကန့်သတ်မှုများ တိုးများလာခဲ့ပြီး၊ အကူအညီပေးရေးလုပ်သားများကိုလည်း တိုက်ခိုက်မှုများ ရှိလာသည်။ ဥပမာတခု အနေဖြင့် ဖော်ပြရလျှင် ခရစ္စမတ်အကြိုနေ့တွင် ဖရူဆိုမြို့နယ်၌ လူပေါင်း ၄၀ ကျော် အစုအပြုံအလိုက် သတ်ဖြတ် မီးရှို့ခံခဲ့ ကြရသည်။ မြို့ပြအခြေပြု၍ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးမှုများ၊ အခြားအာဏာပိုင်များ ထိန်းချုပ်ထားသည့် ဒေသများမှတဆင့် ကူညီပေးနေခြင်းများအပေါ် ကန့်သတ်ချုပ်ချယ်လာမှုများကြောင့် အရေးပေါ်ကူညီ ထောက်ပံ့မှုများ ကို အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တဆင့်သာ၊ မထင်မပေါ်စေဘဲ သိုသိပ်စွာ အဓိကထား၍ ပို့ဆောင်ပေးနေကြရသည်။

မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းချိန်မှစတင်၍ COVID-19 ကူးစက်မှုကြောင့်၊ လူပေါင်း ၁၆,၀၀၀ ဦးကျော် အသက်ဆုံးရှုံးခဲ့ရ ရာ၊ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေသို့ ကျရောက်စေခဲ့သည်။ ရောဂါရှာဖွေ စစ်ဆေးမှုများ၊ ကာကွယ်ဆေးထိုးနှံ ပေးမှု

ဖြန့်ကျက်လုပ်ဆောင်မှုများနှင့်၊ အမှန်ဆိုရလျှင် ပြည်သူ့ကျန်းမာရေးစနစ်တခုလုံး ရပ်ဆိုင်းလုနီးပါး မလုပ်မကိုင်နိုင်ဘဲ ရှိခဲ့သည်။ လူချင်းခပ်ခွာခွာနေထိုင်မှု အလေ့အထကို သင်ယူလေ့လာရရှိခဲ့သော်လည်း၊ လူထုအုံကြွ ဆန္ဒပြပွဲများကြောင့် ဆက်၍ မကျင့်သုံးကြတော့ပေ။ ကျန်းမာရေးလုပ်သားများလည်း ဖမ်းဆီးခံကြရပြီး၊ စစ်ကောင်စီ (SAC) က အသက်ကယ်ပစ္စည်းများ ဖြစ်သည့် အောက်ဆီဂျင်ဗူးများကို စစ်သားများအတွက် ဖမ်းဆီးသိမ်းယူသည်များလည်း ရှိခဲ့သည်။ COVID-19 ကူးစက်မှု တတိယလှိုင်းအဖြစ် ၂၀၂၁ ခုနှစ်၊ တတိယသုံးလပိုင်းတွင် ဒယ်လ်တာမျိုးကွဲ ပြန့်နှံ့ကူးစက်ခံရမှု ဖြစ်ပွားခဲ့သည်။ တချိန်တည်း တွင်၊ ကုလသမဂ္ဂ၏ ကိုဗစ်ကာကွယ်ဆေး ထိုးနှံပေးရေး အစီအစဉ်မှာလည်း တတိယ ပါတီ အဖွဲ့အစည်းများဖြစ်သည့် (ပုဂ္ဂလိက ဆေးခန်းများ၊ နိုင်ငံတကာ အဲန်ဂျီအိုအဖွဲ့များ၊ တိုင်းရင်းသားကျန်းမာရေးဌာနများ… စသည်ဖြင့်) ကို တာဝန်ပေးအပ်မည့်ကိစ္စအပေါ် စစ်ကောင်စီ (SAC) က ခွင့်မပြု ငြင်းဆန်သည့်အတွက်ကြောင့် ရပ်ဆိုင်းနေခဲ့ရသည်။ ယင်းကို တုံ့ပြန်နိုင်ရန် တိုင်းရင်းသား ကျန်းမာရေးဌာနများက အခြားရွေးချယ်စရာ အဆေးခန်းစနစ် ကွင်းဆက်များ၊ ထိုင်းနိုင်ငံရှိ ထောက်ပံ့ပေးမည့်သူများနှင့် ချိတ်ဆက်၍ အစားထိုးစီမံဆောင်ရွက်မှုများပြုပြီး၊ ကနဦးစမ်းသပ် ကာကွယ်ဆေး ထိုးနှံပေးမှုများကို နယ်စပ်ဒေသများတွင် အသေးစား အတိုင်းအတာဖြင့် စတင်ခဲ့သည်။

ပြည်သူလူထုများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် ထပ်ဆောင်းမှုတခု အနေဖြင့်၊ စစ်ကောင်စီ (SAC) က မြန်မာနိုင်ငံ ဗဟိုဘဏ်ကို ဝင်ရောက်စွက်ဖက်ခဲ့သည်။ အင်တာနက်ကို ကန့်သတ်ချုပ်ချယ်မှုများ ပြုသောကြောင့် ငွေကြေး ကဏ္ဍတွင် အကြီးအကျယ် ရပ်ဆိုင်းရမှု ပြဿနာများ ဖြစ်စေခဲ့သည်။ ငွေသား မလည်ပတ်နိုင်သောကြောင့် အကူအညီပေးရေး အေဂျင်စီ များ၏ လုပ်ငန်းဆောင်တာများအပေါ် ဖိအားများ ဖြစ်စေပြီး၊ အကယ်၍ တရားမဝင် ပြင်ပဈေးကွက်မှနေ၍ ငွေထုတ် ယူမည်ဆိုလျှင် ၁၀% အထိ အပို ကုန်ကျပေးဆောင်နေကြရသည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) ၏ ဖော်ပြချက် အရ အိမ်ထောင်စုများ၏ ၈၃% တွင် ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ဝင်ငွေကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ရပြီး၊ ၂၀၂၂ ခုနှစ် နှစ်ဆန်း ပိုင်းတွင် နိုင်ငံလူဦးရေ၏ ၄၈% သည် ဆင်းရဲမှုအတွင်း ကျရောက်နေထိုင်ရမည်ဖြစ်ကြောင်း သတိပေးထားသည်။ ဤအချက် သည် ၂၀၀၅ ခုနှစ်မှစ၍ ဖြစ်ပေါ်တိုးတက်မှုများကို ပြောင်းပြန်ဖြစ်စေရသည့် အခြေအနေ ဖြစ်သည်။

**ထိုင်းနိုင်ငံ**

၂၀၂၁ ခုနှစ် တနှစ်လုံးတွင် COVID-19 ကူးစက်ဘေးသည် အဓိကပြဿနာအဖြစ် ဆက်လက် တည်ရှိနေခဲ့သည်။ ဧပြီလတွင် အကြီးအကျယ် ကူးစက်ပြန့်ပွားမှုများ ရှိခဲ့ရာ၊ တနိုင်ငံလုံး ကူးစက်မှုများ မြင့်တက်လာခဲ့ပြီး ဩဂုတ်လတွင် အမြင့်မားဆုံး အခြေအနေ ရောက်ခဲ့သည်။[4] ခရိုင်တခုနှင့်တခုအကြား ကူးသန်းသွားလာမှုများ၊ အချို့သော စီးပွားရေးလုပ်ငန်းများ လည်ပတ် ဆောင်ရွက်မှုကိုလည်း ကန့်သတ်ခဲ့သည်။ ကျောင်းများ ဆက်လက် ဖွင့်ထားသော်လည်း၊ COVID-19 ကူးစက်ပြန့်ပွားမှု လူနာ များ အရေအတွက်အပေါ်မူတည်၍ တနည်းတဖုံဖြင့် ပြန်လည် ထိန်းချုပ်စီမံမှုများ ပြုခဲ့သည်။ ယခုနှစ်ကုန်တွင် ဤကန့်သတ် ချုပ်ချယ်မှုအားလုံးကို ဖြေလျှော့ခဲ့ပြီး၊ နိုင်ငံတကာ ခရီးသွားလာမှုကို သတိထား၍ ပြန်လည်စတင်ခဲ့သည်။ အထွေထွေသော စောင့်ကြည့်မှု ကွာရန်တင်း စည်းမျဉ်းများ ဆက်လက်ရှိနေဆဲ ဖြစ်သည်။

ကိုရိုနာဗိုင်းရပ် ကာကွယ်ဆေး စတင်ထိုးနှံရာ၌၊ ကနဦးတွင် ဘန်ကောက်နှင့် ဖူးကက်မြို့များတွင်နေထိုင်ကြသူများအတွက် ပစ်မှတ်ထား၍ နှေးကွေးစွာ စတင်ခဲ့သည်။ နှစ်၏ ဒုတိယနှစ်ဝက်ပိုင်းတွင် အရှိန်ရလာခဲ့ပါသည်။ ဒီဇင်ဘာလအကုန်တွင် ထိုင်း နိုင်ငံလူဦးရေ၏ ၆၉% ကို အပြည့်အဝ ကာကွယ်ဆေး ထိုးနှံပြီးစီးခဲ့ပြီး၊ လူဦးရေ၏ ၇၇% မှာ အနည်းဆုံး ကာကွယ်ဆေး တကြိမ် ထိုးနှံပေးနိုင်ခဲ့သည်။[5] ယခုနှစ်အကုန်တွင် ထိုင်းနိုင်ငံ၌ COVID-19 ကူးစက်ခံရသူ စုစုပေါင်း ၂,၂၂၃,၄၃၅ ဦး မှတ်တမ်း

---

4 ဂျွန်ဟော့ပ်ကင်းတက္ကသိုလ် Center for Systems Science and Engineering (CSSE) ၏ COVID-19 ဒေတာစာရင်း

5 *ibid*

တင်ထားပြီး၊ ၂၁,၆၉၈ ဦး သေဆုံးမှု ရှိခဲ့သည်။[6] ထိုင်းနိုင်ငံတွင် အချို့သောသူများ၌ ကာကွယ်ဆေးထိုးရန် တုံ့ဆိုင်းမှုများ ရှိခဲ့ပြီး၊ အဓိကအားဖြင့် အချို့သော ကာကွယ်ဆေးများ၏ ထိရောက်မှုနှင့် နောက်ဆက်တွဲအကျိုးဆက်အပေါ် စိုးရိမ်ပူပန်မှုများ ရှိနေသောကြောင့် ဖြစ်သည်။[7]

ထိုင်းအစိုးရဆန့်ကျင်ရေး ပြောက်ကျား ဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပေါ်နေပြီး၊ အထူးသဖြင့် ဘန်ကောက်တွင်ဖြစ်သည်။ ယင်း ဆန္ဒပြပွဲများကို တီထွင်ဆန်းသစ်မှုရှိစွာ ဆောင်ရွက်နေကြပြီး၊ အထူးသဖြင့် အဖမ်းမခံရရေးအတွက် ရည်ရွယ်ဆောင်ရွက်ကြ သည့် “ကားစုဝေးပွဲများ” ဟု ခေါ်ဆိုကြသည့် လျှပ်တပြက် ဆန္ဒပြပွဲများ ဖြစ်သည်။ ၂၀၂၀ ခုနှစ်နှင့် နှိုင်းစာလျှင် ဆန္ဒပြပွဲများ လျော့နည်းသွားမှု မရှိပါ။ သို့သော်လည်း လူပေါင်း ၁,၇၀၀ ဦးကျော်မှာ သူတို့၏ နိုင်ငံရေးအမြင်များကို ဖော်ထုတ်မှုကြောင့်နှင့် ဆန္ဒပြပွဲများတွင် ပါဝင်မှုကြောင့် ဖမ်းဆီး တရားစွဲခံထားရသည်။ ၂၀၂၁ ခုနှစ်တွင် ထိုင်းနယ်စပ်အနီး မြန်မာနိုင်ငံဖက်ခြမ်း၌ တိုက်ပွဲ အကြိမ်အချို့ဖြစ်ပွားခဲ့ပြီး၊ လက်နက်ကြီးကျည်အချို့မှာ ထိုင်းနိုင်ငံအတွင်း ကျရောက်ပေါက်ကွဲခဲ့သည်။

## ဒုက္ခသည်များ

ကရင်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် လူပေါင်း ၂၀,၀၀၀ ကျော် အသုတ် ၂ သုတ်ဖြင့် ထွက်ပြေးကာ ထိုင်းနိုင်ငံ မဲဟောင်ဆောင်ခရိုင် (မတ်လ) နှင့် တက်ခ်ခရိုင် (ဒီဇင်ဘာလ) တို့တွင် ခိုလှုံခဲ့ကြရသည်။ ထိုင်းအာဏာပိုင်များ၏ တုံ့ပြန်မှုက တိုတောင်း မြန်ဆန်သည်။ ထိုင်းနယ်စပ်ရှိ ထွက်ပြေးလာသူ လူထုများကို ဖမ်းဆီးကာ ယာယီခိုလှုံရေးစခန်းများတွင် ထိန်းသိမ်းထားရှိသည်။ ယင်းစခန်းများသို့ နိုင်ငံတကာ အဲန်ဂျီအိုများ၊ သို့မဟုတ် ကုလဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့က တိုက်ရိုက်ထိတွေ့ ကူညီပေးနိုင်မှု မရကြပါ။ နီးစပ်ရာဒေသများတွင် တိုက်ပွဲများရပ်ဆိုင်းသည်နှင့်ချက်ချင်း ထိုသူများကို မြန်မာနိုင်ငံသို့ ပြန်ရန် ဖိအားပေးသည်။ တိုက်ပွဲများဖြစ်ပွားမှသာ ပြန်လာကြရန် ပြောသည်။ ယာယီခိုလှုံရာ နေရာများတွင် ရှိနေသော ပံ့ပိုးမှုများမှာ အရေးပေါ်တုံ့ပြန်မှုအဆင့်မျှသာ ဖြစ်ပြီး၊ များစွာ လုံလောက်မှု မရှိပါ။ တော်ဝင်ထိုင်းနိုင်ငံအစိုးရထံသို့ တိုက်တွန်းစည်းရုံးမှုများ ဆောင်ရွက်နေသော်လည်း၊ ထိုင်းအစိုးရက ပို၍သင့်လျော်ရာ နေရာ များသို့ ထိုသူများကို ရွှေ့ပြောင်းပေးခြင်း မပြုပါ။

COVID-19 ကူးစက်ဘေးကြောင့် တင်းကျပ်သော တားမြစ်မှုများ ဆောင်ရွက်ထားရာတွင် စခန်းများသို့ အဝင်အထွက်ကို ပိတ် ပင် ထားခဲ့သည်။ ယင်းကန့်သတ်မှုများကို ၂၀၂၀ ခုနှစ်တွင် စ၍ အကောင်အထည်ဖော်ခဲ့ပြီး၊ ၂၀၂၁ ခုနှစ် တခုလုံးတွင်လည်း ဆက်၍ ထားရှိရာ၊ ဒုက္ခသည်များသည် စခန်းပြင်ပတွင် ဝင်ငွေရှာရန် အခွင့်အလမ်းများ မရှိသောကြောင့် ဒုက္ခသည်များ၏ သက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိစေသည်။ ခရီးသွားလာမှုများကို ကန့်သတ်ချုပ်ချယ်ထား သည့် စုပေါင်းအကျိုးဆက်၊ ထိုင်းအာဏာပိုင်များနှင့် အကန့်အသတ်ဖြင့်သာ ဆက်သွယ်နိုင်ခြင်းတို့ကြောင့်၊ အစိုးရမဟုတ် သည့် အဖွဲ့အစည်းများ (အဲန်ဂျီအို) များနှင့် စခန်းပြင်ပရှိ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ (CBOs) အကန့်အသတ်ဖြင့်သာ ဆက်သွယ်နိုင်ခြင်း၊ မြန်မာနိုင်ငံတွင် အကျပ်အတည်းများ ဆက်၍ဖြစ်ပေါ်နေခြင်းတို့ကြောင့် စခန်းများအတွင်း စိုးရိမ်ပူပန်မှု များ မြင့်တက်စေခဲ့သည်။ သို့အတွက်ကြောင့် ဒီဇင်ဘာလတွင် မဲလနှင့် အုန်းဖျံမိုင်စခန်းများတွင် ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ရ သည်။ ဆန္ဒပြကြသူများက COVID-19 ကူးစက်ဘေးနှင့် ပတ်သက်၍ ကန့်သတ်မှုများ၊ ရွှေ့ပြောင်းအခြေချရန် အခွင့်အလမ်း များ ကင်းမဲ့နေခြင်း၊ ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်လိုသည့် ဆန္ဒ နှင့် ထိုင်းအာဏာပိုင်များ၏ မမျှတသည့် ဆက်ဆံမှုများ

---

6 *ibid*

7 Thanapluetiwong, S., Chansirikarnjana, S., Sriwannopas, O., Assavapokee, T., & Ittasakul, P. (2021). Factors associated with COVID-19 Vaccine Hesitancy in Thai Seniors. *Patient preference and adherence*, *15*, 2389–2403.

အပေါ် စွပ်စွဲ တောင်းဆိုခဲ့ကြသည်။ သို့ဖြစ်ရာ မဲလစခန်းတွင် ထိုင်းအစိုးရ၏ ပိုင်ဆိုင်မှုနှင့် ပစ္စည်းကရိယာအချို့ ပျက်စီးခဲ့ရပြီး၊ စခန်းအတွင်းရှိ အိမ်များနှင့် ဆိုင်အချို့လည်း ပျက်စီးခဲ့ရသည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ကမကထပြုသည့် မိမိဆန္ဒအလျောက် အိမ်ပြန်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံရှိ လုံခြုံရေးအခြေအနေများကြောင့် ဆက်လက်၍ ဆိုင်းငံ့ထားသည်။ ဒုက္ခသည်စခန်းများမှ ဒုက္ခသည်များ အိမ်ပြန်ရေးမှာ မဖြစ်နိုင်ပါ။ လူပေါင်း ၄၁၀ ဦးမှာ တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချခဲ့ပြီး၊ စခန်းများအတွင်း မွေးဖွားသူကလေးငယ် ၁,၃၁၃ ဦး ရှိခဲ့သည်။[8] ဒီဇင်ဘာလကုန်တွင် ထိုင်းနိုင်ငံရှိ စခန်း ၉ ခုအတွင်း၌ ခန့်မှန်း လူဦးရေစုစုပေါင်း ၈၀,၉၈၂ ဦး (၅၁% မှာ အမျိုးသမီးများ ဖြစ်သည်) ရှိနေပြီး၊ ပြီးခဲ့သည့် နှစ်နှင့်ယှဉ်လျှင် စုစုပေါင်း လူဦးရေတိုးတက်မှု ၁.၈% ရှိသည်။[9]

# အခန်း (၃)
# လုပ်ငန်းအစီအစဉ်များ

၂၀၂၁ ခုနှစ် တခုလုံးတွင် (TBC) အဖွဲ့က မဟာဗျူဟာမြောက် လမ်းညွှန်ချက်များကို ပြည့်ဝအကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ လူသားချင်းစာနာမှု အကူအညီများ ဖြည့်ဆည်းပေးနိုင်ရန်၊ စားနပ်ရိက္ခာ လုံခြုံရေး ဖြည့်စွမ်းပေးရန်၊ ဂုဏ်သိက္ခာရှိသော အနာဂတ်များအတွက် သေချာဆောင်ရွက်ပေးရန် နှင့် ဒေသခံများ၏ကိုယ်ပိုင်လုပ်ငန်းအဖြစ် ခံယူလုပ်ဆောင်လာရေး အားဖြည့်ဆောင်ရွက်ပေးရန်တို့ ဖြစ်ပါသည်။ အခက်အခဲ စိန်ခေါ်မှုများ ရှိနေသော်လည်း၊ (TBC) အဖွဲ့နှင့် ဒေသခံ မိတ်ဖက်များက ထိုင်းနိုင်ငံရှိ ဒုက္ခသည်များ၏ ဘဝများ တိုးတက်လာစေရန် သိသာထင်ရှားသော ပံ့ပိုးကူညီမှုများ ပြုနိုင်ခဲ့သည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ပဋိပက္ခစစ်ပွဲများကြောင့် နစ်နာခံစားနေရသော ရပ်ရွာလူထုများ၏ တိုး၍လာနေသော လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

## မဟာဗျူဟာ လမ်းညွှန်ချက် (၁)။ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ

အိုးအိမ်စွန့်ပစ် ထွက်ပြေးကြရသည့် ရပ်ရွာလူထုများ၊ အထူးသဖြင့် မိန်းမများ၊ ကလေးများ၊ အသက်အရွယ် ကြီးရင့်သူများ နှင့် ဖျားနာသူများ၊ သို့မဟုတ် မသန်စွမ်းသူများ၏ လူသားချင်းစာနာမှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်။

### အလေးပေးဖော်ပြချက်များ

### ထိုင်းနိုင်ငံ

- ကျွမ်းကျင်သူ ထောက်ပံ့ပို့ဆောင်ရေး ပညာရှင်များ၏ ဦးဆောင်မှုဖြင့် အရေးပေါ်တုံ့ပြန်မှု အစီအစဉ်ကို ရေးဆွဲခဲ့ပြီး၊ ဒုက္ခသည်အသစ်များ ထိုင်းနိုင်ငံသို့ ရောက်ရှိလာပါက ၂၄ နာရီအတွင်း အစားအစာနှင့် အမိုးအကာ တုံ့ပြန်ထောက်ပံ့ပေးနိုင်ရန် TBC အဖွဲ့၏ သံန္နိဋ္ဌာန်ချမှတ်ထားမှုကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ခဲ့သည်။

---

8 ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ IOM ထိုင်းနိုင်ငံ၏ ထွက်ခွာသွားသူများ စာရင်း

9 https://www.theborderconsortium.org/wp-content/uploads/2022/01/2021-12-December-map-tbc-unhcr.pdf

- ကဏ္ဍများအကြား လုပ်ငန်းဆောင်ရွက်ရေး အလုပ်အဖွဲ့၏ လုပ်ငန်းစနစ်များကို တနိုင်ငံလုံးအတိုင်းအတာအရရော၊ ခရိုင် အလိုက်ပါ ချမှတ်နိုင်ပြီး၊ ရွှေ့ပြောင်းထွက်ပြေးလာရသူအတွက် စုပေါင်းဆောင်ရွက်သည့် တုံ့ပြန်မှုကို ညှိနှိုင်းရာ၌ နှင့် အဓိကကျသည့် လူပ်ရှားဆောင်ရွက်သူများအကြား အရည်အသွေးမြှင့်တင်ရေးအတွက် အားဖြည့်ဆောင်ရွက်ရာတွင် အသုံးဝင်စေခဲ့သည်။

**မြန်မာနိုင်ငံ**

- အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူ ၁၅၀,၀၀၀ ဦးတို့သည် စားနပ်ရိက္ခာမလုံခြုံမှု သက်သာစေရေးအတွက် အရေးပေါ် ကယ်ဆယ်ရေး အကူအညီအဖြစ် စားနပ်ရိက္ခာ/ငွေသား ရရှိခဲ့ကြသည်။
- ကျေးရွာလူထု ၁၂၀,၀၀၀ ကျော်မှာ ဆေးဝါးထောက်ပံ့ပေးမှုများနှင့် Covid-19 လျှော့နည်းကျဆင်းရေး ဆောင်ရွက်ပေးမှုများကို တိုင်းရင်းသားကျန်းမာရေးဌာနများမှတဆင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ထိုင်းနိုင်ငံ**

၂၀၂၁ ခုနှစ်တိုင်အောင်ပင် COVID-19 ကူးစက်ကပ်ဘေးကြောင့် ဆက်လက်၍ စခန်းတွင်း လုပ်ငန်းဆောင်တာများ ပြတ်တောက်ရပ်ဆိုင်းနေရခြင်း ရှိခဲ့သည်။ တနှစ်လုံးတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ကြိုတင်ကာကွယ်ရေးနှင့် တားဆီးရေး လုပ်ငန်းစဉ်များ ဆက်၍ ဆောင်ရွက်နေသည်။ ယခုနှစ် ပထမနှစ်ဝက်တွင် ကူးစက်မှုအနည်းငယ်သာ ရှိခဲ့သော်လည်း၊ ၂၀၂၁ ခုနှစ် အကုန်ပိုင်းတွင် စခန်းအများစု၌ ကူးစက်ပြန့်ပွားမှုများ ခံစားခဲ့ကြရသည်။ စုစုပေါင်း ကူးစက်မှုလူနာ ၃,၀၉၂ ဦး ရှိခဲ့ပြီး၊ လူပေါင်း ၃၆ ဦး သေဆုံးခဲ့ရသည်။ ဘန့်မိုင်နန်းဆွယ်စခန်း တခုသာ COVID-19 ကူးစက်မှု လုံးဝ မရှိခဲ့သော စခန်းဖြစ်သည်။ ထမ်ဟင်စခန်းသည် ကူးစက်ခံရမှု အများဆုံး သတင်းပေးပို့ခဲ့ပြီး၊ လူပေါင်း ၈၅၉ ဦး ကူးစက်ခံရသည်။ မဲလစခန်းတွင် ကူးစက်မှု ၇၈၅ ဦး၊ အုန်းဖျံမိုင်စခန်းတွင် ကူးစက်မှု ၅၂၉ ဦး ရှိခဲ့သည်။ အားတက်ဖွယ်အခြေအနေမှာ ယခုနှစ်၏ ဒုတိယနှစ်ဝက်တွင် ကာကွယ်ဆေးဖြန့်ဝေပေးမှု အရှိန်အဟုန်ရလာခဲ့ပြီး၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကုန်တွင် ဒုက္ခသည်စုစုပေါင်း ၁၉,၆၁၈ ဦး (စုစုပေါင်းလူဦးရေ၏ ၂၄%) အနည်းဆုံး COVID-19 ကာကွယ်ဆေး တကြိမ် ထိုးနှံရရှိခဲ့သည်။ ၁၃,၃၅၈ ဦး (စုစုပေါင်း၏ ၁၆%) မှာ ကာကွယ်ဆေး ၂ ကြိမ် ရရှိခဲ့သည်။

ကနဦးတွင် စခန်းများအတွင်း၌ ကာကွယ်ဆေးထိုးနှံမှုအပေါ် လက်ခံရန် တုံ့ဆိုင်းမှု ရှိနေခဲ့သည်။ ယင်းကိုဖြေရှင်းနိုင်ရန် (TBC) အဖွဲ့က ဒေသအတွင်း ထုတ်လုပ်သော ဗီဒီယိုများဖြင့်၊ ယင်းတွင် အဆင့်မြင့်စခန်းခေါင်းဆောင်များလည်း ကာကွယ်ဆေးထိုးပြီးကြောင်းကို ပြသပြီး၊ ကူညီပေးနိုင်ခဲ့သည်။ ကာကွယ်ဆေးနှင့်ပတ်သက်၍ သတင်းမှားများကို စိန်ခေါ်တုံ့ပြန်မှု ပြုနိုင်ခဲ့သည်။[10] စခန်းများအတွင်း သတင်းဖြန့်ချီရေးအဖွဲ့များက ကာကွယ်ဆေးနှင့် COVID-19 ကူးစက်မှုနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ရာ၌ အကောင်းဆုံးကျင့်သုံးမှုများကို သတင်းအချက်အလက်များ ဖြန့်ဝေပေးရာတွင် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်ခဲ့သည်။ ရုပ်ရှင်များပြသခြင်း၊ အိမ်များသို့ သွားရောက် ဆွေးနွေးခြင်း နှင့် အွန်လိုင်းမှတဆင့် ဖြန့်ဖြူးမှုများ ဆောင်ရွက်ခဲ့ကြသည်။

ဤသို့ စိန်ခေါ်မှု ပြဿနာများ ရှိနေသော်လည်း၊ ၂၀၂၁ ခုနှစ်တွင် အဓိကကျသည့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အမိုးအကာ ရရှိရေးအဖွဲ့က အရေးပါသည့် ဆောက်လုပ်ရေးပစ္စည်းများကို စုဆောင်းသိမ်းဆည်း

10 ဤဗီဒီယိုများကို TBC အဖွဲ့၏ YouTube channel တွင် ရရှိနိုင်သည်။ လင့်ခ် https://www.youtube.com/channel/UCRy4VF4tReMOuOPG_ahhdwg

ထားနိုင်ခဲ့ကြပြီး၊ အမိုးအကာ ဖြန့်ဖြူးပေးပြီးနောက်ပိုင်း ရရှိမှုဆိုင်ရာ စောင့်ကြည့်လေ့လာမှု (PDM) ကို ဆောင်ရွက်ပြီးစီးနိုင်ခဲ့သည်။ လက်ရှိ အမိုးအကာရရှိမှုနှင့် ပတ်သက်၍ နောက်ဆုံး ဒေတာအချက်အလက်များ ပေးအပ်နိုင်ခဲ့သည်။ ရလဒ်များအရ အမိုးအကာ ရရှိမှုနှင့်ပတ်သက်၍ အထူးနစ်နာဖွယ်ရှိ၍ လိုအပ်ချက် ရှိနေကြသူ အိမ်ထောင်စုများ စခန်းများအတွင်းရှိ သူတို့၏ အိမ်များအတွက် ကောင်းမွန်လုံလောက်သည့် အထောက်အပံ့များ ရရှိနိုင်ခဲ့ကြသည်။ "ပုံမှန်"အိမ်ထောင်စုများက ဖော်ပြရာတွင် ရောထွေးနေသော အခြေအနေရှိသည်။ အချို့က အမိုးအကာနှင့်ပတ်သက်၍ ကောင်းသောအခြေအနေ ရှိပြီး၊ အချို့အိမ်များမှာမူ ပျက်စီးယိုယွင်းနေကြောင်း ဖော်ပြကြသည်။ အိမ်ဆောက်ပစ္စည်းများ တိုး၍ထောက်ပံ့ပေးရန် လိုအပ်နေသည်။ အမိုးအကာရရှိရေး (PDM) စစ်တမ်းအရနှင့် စခန်းကော်မတီများ၊ စခန်းအားလုံးရှိ အမိုးအကာ ရရှိရေးလုပ်ငန်း အုပ်စုများနှင့် တိုင်ပင် ညှိနှိုင်းမှုများအရ (TBC) အဖွဲ့က အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့မှုအတွက် ယခုနှစ် နောက်ဆုံး ၃-လပိုင်းတွင် အပိုဆောင်း ဘတ်ဂျက် ချမှတ်ပေးခဲ့သည်။

အချို့သော အစီအစဉ်များကို အပြောင်းအလဲလုပ်ခဲ့သည်။ ဥပမာအားဖြင့်- မီးသွေးဖြန့်ဝေမှုကို တစ်လတကြိမ် အစား နှစ်လတကြိမ်သို့ ပြောင်းလဲခဲ့သည်။ လူစုလူဝေးဖြစ်မှုကို ရှောင်ရှားနိုင်ရန်နှင့် COVID-19 ကူးစက်မှုအန္တရာယ်ကို ကန့်သတ်နိုင်ရန်ဖြစ်သည်။ နှစ်စဉ် လူဦးရေစီစစ်မှုလုပ်ငန်းစဉ်ကို ၂၀၂၂ ခုနှစ်တွင် COVID-19 ကူးစက်မှုအန္တရာယ်ကြောင့် ဆိုင်းငံ့ထားသည်။
တိကျသော ဒေတာ အချက်အလက်များ စီးဆင်းနိုင်ရန်အတွက် အဝေးမှနေ၍ ဆက်သွယ်ရေးစနစ်သည် မရှိမဖြစ် အရေးကြီးသည်။ အစည်းအဝေးများ၊ သင်တန်းအချို့ကို အွန်လိုင်းမှနေ၍ ဆောင်ရွက်ခဲ့သည်။ သို့အတွက်ကြောင့် (TBC) အဖွဲ့က စခန်းများသို့ သူတို့၏ ဆက်သွယ်ရေးနည်းပညာ (IT) စွမ်းဆောင်ရည် မြင့်မားလာစေရန် နှင့် အင်တာနက် ရရှိနိုင်ရန် အပိုဆောင်း ထောက်ပံ့ပေးမှုများ ပြုခဲ့သည်။ အလားတူပင် အတွင်းဆက်သွယ်ရေးစနစ်များအတွက် ကွန်ပြူတာအသစ်များ၊ ဆက်သွယ်ရေး အမာထည်ပစ္စည်းများ နှင့် အဝေးမှနေ၍ ဆက်သွယ်ဆောင်ရွက်နိုင်ရေး ကျွမ်းကျင်မှု သင်တန်းများ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

စခန်းများ အတွင်း-အပြင် သွားလာမှုများကို ဆက်လက်၍ ကန့်သတ်ထားဆဲရှိရာ၊ (TBC) အဖွဲ့က စားနပ်ရိက္ခာကဒ်တွင် ထိုင်းဘတ်ငွေတန်ဖိုးကို တိုးမြှင့်၍ ဆက်လက်ထောက်ပံ့နေသည်။ ဒုက္ခသည်များ သက်မွေးဝမ်းကျောင်းပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်စေရေးအတွက် ဖြစ်သည်။ စခန်းပြင်ပတွင် ဝင်ငွေရရှိရေး အခွင့်အလမ်းများသို့ သွားရောက်လုပ်ကိုင်ရန် မဖြစ်နိုင်ဘဲရှိနေရာ သူတို့၏ စားနပ်ရိက္ခာလုံခြုံမှုကို မြှင့်တင်ပေးနိုင်ရန် ဖြစ်သည်။ "အထူးထိခိုက်နစ်နာဖွယ်ရှိသူများ" (MV) အားလုံးနှင့် "ထိခိုက်နစ်နာဖွယ်ရှိသူ" (V) အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာကဒ်များတွင် ထောက်ပံ့မှုကို အမြင့်မားဆုံး MV အဆင့်အထိ ထောက်ပံ့ထားပေးသည်။ "ပုံမှန်" အိမ်ထောင်စုများအနေဖြင့် V အဆင့် ထောက်ပံ့မှု ရရှိသည်။

## မဲ့ခေါင်ကင်းဒေသ အတွက် ဒီဇင်ဘာလ အရေးပေါ်တုံ့ပြန်ကူညီမှုများ

ကရင်ပြည်နယ် လေးကေကော်ဒေသတွင် ဒီဇင်ဘာလ ၁၆ ရက်နေ့၌ အကြီးအကျယ် တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက်၊ တက်ခ်ခရိုင်ရှိ (TBC) ရုံးမှ အရေးပေါ်တုံ့ပြန်ရေး အစီအစဉ်များ အကောင်အထည်ဖော်ခဲ့ပါသည်။ အကြောင်းမှာ မဲဆောက်မြို့တောင်ပိုင်းဒေသသို့ လူအများထွက်ပြေး ဝင်ရောက်လာကြသောကြောင့် ဖြစ်ပါသည်။ လက်ရှိရောက်ရှိလာသော ဒုက္ခသည်များကို ယာယီခိုလှုံရန်နေရာ ၅ ခုတွင် နေရာချထားပေးပြီး၊ ထိုင်းအစိုးရက စောင့်ရှောက်ထားမှုအောက်တွင် ရှိနေကြသည်။ နောက်ပိုင်းတွင် မဲ့ခေါင်ကင်း နေရာသို့ တနေရာတည်း စုပေါင်းစေခဲ့ပါသည်။ မဲ့ခေါင်ကင်းဒေသတွင် နေရာချထားပေးမှု သင့်လျော်-မသင့်လျော်နှင့်၊ ယင်းတို့၏ လုံခြုံရေးအနေအထားနှင့် ပတ်သက်ပြီး သိသာထင်ရှားသည့် စိုးရိမ်ဖွယ်အကြောင်းများ ရှိနေပါသည်။ ယင်းနေရာသည် နွားမွေးမြူရေးစခန်းအတွင်း ရှိနေပြီး၊ လူများ ရေရှည်နေထိုင်ရန်အတွက် မသင့်လျှော်ပါ။ ထို့အပြင် မြန်မာနိုင်ငံနယ်စပ် နှင့် မီတာ ၅၀၀ မျှသာ ကွာဝေးရာ၊ နယ်စပ်ဖြတ်ကျော် တိုက်ခိုက်မှုများနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်နိုင်သည့်

ဘေးရန်ကို စိုးရိမ်နေရပါသည်။ ဒီဇင်ဘာလကုန်အထိ ခန့်မှန်း ဒုက္ခသည်သစ် စုစုပေါင်း ၆,၁၅၃ ဦး ရောက်ရှိလာခဲ့ပါသည်။ သို့သော်လည်း ရာသီအလိုက် ထိုင်းနိုင်ငံသို့ ထွက်ပြေးလိုက်-မြန်မာနိုင်ငံသို့ ပြန်သွားလိုက်၊ တဖန်ထိုင်းနိုင်ငံသို့ ပြန်လည် ထွက်ပြေးလာလိုက် နှင့် မြန်မာနိုင်ငံရှိ လုံခြုံရေးအခြေအနေအပေါ် မူတည်၍ ကူးပြောင်းထွက်ပြေးလာသူများလည်းရှိရာ အရေအတွက် ကောက်ခံမှုမှာ နှစ်ကြိမ်ထပ်ရေတွက်မှုအဖြစ် ရှိနိုင်ပါသည်။

(TBC) အဖွဲ့နှင့် အခြားသော နိုင်ငံတကာ လူသားချင်းစာနာကူညီမှုအဖွဲ့များကို ယင်းယာယီခိုလှုံခွင့်ပြုထားရာ နေရာသို့ သွားလာခွင့် ပိတ်ပင်ထားသောကြောင့်၊ ဒေသခံ ထိုင်း ရပ်ရွာအခြေပြု အဖွဲ့အစည်းများ (CBOs) ကိုသာ ထိုနေရာသို့ ဝင်ရောက်ခွင့်ပြုပါသည်။ ဒေသခံကွန်ရက် အဖွဲ့အစည်းများမှတဆင့် (TBC) က အစားအသောက်နှင့် အမိုးအကာများ ထောက်ပံ့ကူညီနိုင်ခဲ့ပါသည်။ ပလပ်စတစ်အစများ၊ တဲများ ထောက်ပံ့ပေးခဲ့ပြီး၊ နေ့လည်စာ ဗူးများနှင့် အစားအစာ ထောက်ပံ့မှု များကို အနီးရပ်ရွာရှိ ချက်ပြုတ်သူမှတဆင့် ထောက်ပံ့ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ထိုင်းအစိုးရ၏ မူဝါဒများသည် မပြောင်းမလဲ တပြေးညီဖြစ်ပြီး၊ ရေရှည်အတွက် ဒုက္ခသည်အသစ်များ လာရောက်ခွင့်ကို ငြင်းပယ်ထားပါသည်။ ရက်သတ္တပတ် ၆-ပတ် ကာလနောက်ပိုင်းတွင် ထွက်ပြေးလာကြသူအများစုကို မြန်မာနိုင်ငံသို့ ပြန်စေပါသည်။ ဤသို့ အိမ်ပြန်ကြရသည်မှာ ဖိအား အကြီးအကျယ်ရှိပြီး၊ ဒုက္ခသည်များကို အတင်းအကျပ်ပြန်ပို့သည်လည်း ရှိပါသည်။ ဒုက္ခသည်များကို အိမ်ပြန်ရန် လုံခြုံဘေးကင်းသည့်အခြေအနေတွင် ပြန်ကြရန် တွန်းပို့ခြင်းအားဖြင့် ထိုင်းနိုင်ငံက နေထိုင်ခွင့် မပြုကြောင်းကိုလည်း သိရှိစေသည်။

**မြန်မာနိုင်ငံ**

(TBC) အဖွဲ့နှင့် ဒေသခံမိတ်ဖက်အဖွဲ့အစည်းများသည် ၂၀၂၁ ခုနှစ်တွင် ရှုပ်ထွေးပွေလီသည့် အရေးပေါ်အခြေအနေကို လျှင်မြန်စွာပင် တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ကြသည်။ ဖွံ့ဖြိုးရေးဆိုင်ရာ ရန်ပုံငွေများကို ကနဦးအနေဖြင့် အရေးပေါ်ကယ်ဆယ်ရေးအတွက် ပြောင်းလဲသုံးစွဲခဲ့သည်။ နောက်ပိုင်းတွင် အပိုဆောင်း လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ ရန်ပုံငွေများ ရှာဖွေနိုင်ခဲ့ပြီး၊ ရပ်ရွာက ဦးဆောင်သည့် တုံ့ပြန်မှုများ အတိုင်းအဆကို တိုး၍ ဆောင်ရွက်နိုင်ခဲ့သည်။ မြို့နယ် ၁၅ ခုတွင် ပြန့်နှံ့နေထိုင်နေသည့် လူဦးရေ ၁၅၀,၀၀၀ ဦးကျော်အတွက် လူသားချင်းစာနာမှု တုံ့ပြန်မှုများကြောင့် အကျိုးဖြစ်စေခဲ့သည်။ ယင်းတို့တွင်-

- ၃ လစာဆန်တန်ဘိုးနှင့် ညီမျှသည့် ငွေသားဖြင့် ကူညီထောက်ပံ့မှု
- ထိုင်းနိုင်ငံ နယ်စပ်နှင့်နီးစပ်ရာဒေသများတွင် ပြည်တွင်းဒုက္ခသည် (IDPs) များအတွက် ၂ လစာ အရေးပါသည့်ရိက္ခာထောက်ပံ့မှုများ
- အိုးအိမ်စွန့်ပစ် ထွက်ပြေးကြရသူများအပေါ် သဘာဝဘေးဒဏ်များမှ ကာကွယ်ပေးနိုင်ရေးအတွက် နှင့် သူတို့၏ လူ့ဂုဏ်သိက္ခာ မြှင့်တင်ပေးနိုင်ရေးအတွက် စားနပ်ရိက္ခာ မဟုတ်သည့် ပစ္စည်းများ ထောက်ပံ့ပေးမှုတို့ ပါဝင်သည်။

အကျိုးခံစားခွင့်ရှိသူများမှာ အဓိကအားဖြင့် ကရင်ပြည်နယ် မြောက်ပိုင်းနှင့် ကယားပြည်နယ်ရှိ စစ်တပ်ထိုးစစ်များတွင် ပစ်မှတ်ထား တိုက်ခိုက်ခံကြရသည့် အရပ်သား ပြည်သူများဖြစ်ပြီး၊ နိုင်ငံရေးအရ ဖိနှိပ်မှုများကြောင့် ယင်းဒေသအတွင်းသို့ ထွက်ပြေးလာကြရသူများလည်း ပါဝင်သည်။ (တိုင်းရင်းသားအဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသအတွင်းသို့ ထွက်ပြေးလာကြသည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးသူများ၊ အစိုးရ ဝန်ထမ်းများ နှင့် နိုင်ငံရေးသမားများ ပါဝင်သည်။)

နိုင်ငံအာဏာပိုင်များ၏ တရားဝင်မှု အားပြိုင် ပြဿနာတက်နေသော အခြေအနေတွင် တုံ့ပြန်ဆောင်ရွက်ရာ၌ ယခုအကူအညီများကို အရေးပေါ် ထောက်ပံ့ရေး လမ်းကြောင်းများမှတဆင့် ပို့ဆောင်ပေးခဲ့ရသည်။ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးကိစ္စများကို ဗဟိုချုပ်ကိုင်မှု မထားဘဲ၊ ဒေသဆိုင်ရာများအလိုက် ဆောင်ရွက်စေသည်။ သို့အတွက်ကြောင့်လည်း ပို၍ ထိရောက်သည့်၊ မြန်ဆန်အကျိုးရှိစေသည့် အကူအညီပေးမှုများ ဆောင်ရွက်နိုင်ခဲ့သည်။ လုံခြုံရေးနှင့်ပတ်သက်၍ ဒေသဆိုင်ရာအလိုက် ခြိမ်းခြောက်မှုများကို တည်ငြိမ်အောင် ဖြည့်ဆည်းကူညီနိုင်ခဲ့သည်။

ကူးစက်မှု ကြိုတင်ကာကွယ်ရေး နှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို တိုင်းရင်းသားကျန်းမာရေးဌာန ၇ ခုက လှုံ့ဆော်ဆောင်ရွက်ခဲ့ကြသည်။ ကျန်းမာရေး လုပ်သားများကို သင်တန်းပေးခြင်းနှင့် လူတဦးချင်းကာကွယ်ရေး ပစ္စည်းကရိယာများ (PPE) နှင့် စမ်းသပ်သည့်ပစ္စည်းများ၊ အောက်ဆီဂျင် ဆလင်ဒါဗူးများ၊ အောက်ဆီဂျင် အားဖြည့်စက်များနှင့် ကွာရင်တင်းစင်တာ ဌာနများအတွက် မီးစက်များ ဖြန့်ဖြူးပေးခြင်းဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ယင်းလုပ်ငန်းများကို အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၀-ခုကလည်း လူထုအသိပညာပေးရေး ကမ်ပိန်းလှုပ်ရှားမှုများဖြင့် ဘေးအန္တရာယ် လျှော့နည်းကျဆင်းစေရေး အားဖြည့်ဆောင်ရွက်ပေးခဲ့ကြသည်။

တိုင်းရင်းသား ကျန်းမာရေးဌာနများထံသို့ မူလကတည်းက နေရာချထားသည့် ဆေးဝါးထောက်ပံ့ပစ္စည်းများ ပံ့ပိုးကူညီနိုင်ခဲ့ပြီး၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ တစ်ဝန်းရှိ ကျေးရွာအုပ်စု ကျန်းမာရေးဌာနများ (VTHCs) နှင့် ရပ်ရွာကျန်းမာရေး ဆေးပေးခန်းများသို့ ဖြန့်ဖြူးပေးနိုင်သည်။ Covid-19 ကူးစက်ကပ်ဘေး တုံ့ပြန်ဆောင်ရွက်မှုများအပြင်၊ ကျန်းမာရေး ထောက်ပံ့ပစ္စည်းများသည် အဖြစ်များသည့် ကူးစက်ရောဂါများဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အဖျား၊ ငှက်ဖျားနှင့် အသက်ရှုလမ်းကြောင်းရောဂါများကို အဓိကကုသပေးနိုင်ရန် ဖြစ်သည်။

## သင်ခန်းစာများ

### ထိုင်းနိုင်ငံ

- COVID-19 ကာကွယ်ဆေးထိုးနှံရေး မြင့်တင်ဆောင်ရွက်ရာ၌ စခန်းရှိ ရပ်ရွာခေါင်းဆောင်များ ပါဝင်ပတ်သက်မှုသည် အရေးကြီးသည်။ သူတို့၏အရှိန်ဩဇာကြောင့် လူအများ၏ ချီတုံချတုံ တုံ့ဆိုင်းနေမှုကို တိုက်ဖျက်ရန် အထောက်အကူဖြစ်စေသည်။
- COVID-19 ကူးစက်ကပ်ဘေးအပေါ် ဆက်လက်၍ သတိထားစောင့်ကြည့်နေရန် လိုအပ်ပြီး၊ သို့မှသာ ကူးစက်ကပ်ဘေး ဖြစ်ပွားမည့်အခြေအနေကို ကန့်သတ်လျှော့ချနိုင်မည် ဖြစ်သည်။
- စာချုပ်ဖြင့် ခေါ်ယူသော ဝန်ထမ်းများ အလျှင်အမြန်လှုံ့ဆော် ရရှိနိုင်ခြင်းသည် ထိရောက်သော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများအတွက် ပို၍ သေချာစေသည်။ ကွင်းဆင်း ဝန်ထမ်းများကို ထပ်မံ၍ အသုံးပြုနေရန် မလိုအပ်ဘဲ၊ (TBC) အဖွဲ့၏ စခန်းများအတွင်း ပံ့ပိုးနေသည့် လုပ်ငန်းများကိုလည်း သက်ရောက်မှုမရှိစေဘဲ အပြည့်အဝဆက်လက် ထိန်းသိမ်း ဆောင်ရွက်နိုင်စေသည်။
- လေးကေကော်ဒေသ တိုက်ပွဲများတွင် အရေးပေါ်တုံ့ပြန်ရာတွင် အကူအညီပေးရန် အကန့်အသတ်ရှိသော ဝန်းကျင်ဖြစ်နေသည်။ သို့ဖြစ်ရာ ကြိုတင်ပြင်ဆင်ထားမှုအတွက်ကြောင့် တန်ဖိုးရှိစေပြီး၊ (TBC) နှင့် ဒေသခံထိုင်းအာဏာပိုင်များ၏ မိတ်ဖက်ပြုထားမှုကြောင့်သာ ထောက်ပံ့မှုများ ပေးပို့နိုင်ခြင်းဖြစ်ကြောင်း အလေးပေး ဖော်ပြနေသည်။

**မြန်မာနိုင်ငံ**

- ပြီးခဲ့သည့်တနှစ်လုံးတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးရာ၌ သိုသိပ်ပြီး၊ ရပ်ရွာက ဦးဆောင်သော စံပြပုံစံက ပို၍ဆီလျော်အဆင်ပြေပြီး၊ ပို၍ တိုးတက်သုံးလာကြသည်။
- လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများ၌ မကြာခဏဆိုသလို ပူးပေါင်းဆောင်ရွက်မှုများ အထူးအရေးကြီးပြီး၊ အဓိကကျသည့် အင်အားစုများအကြား အနီးကပ် ပူးပေါင်းဆောင်ရွက်မှုများ၊ ပုံမှန် ဆက်သွယ်ရေးများ/ အစည်းအဝေးများ ရှိမနေပါက ယခုအောင်မြင်ရရှိမှုများ ဖြစ်ပေါ်လာနိုင်ဖွယ် မရှိပါ။
- အရေးပေါ် ကြားဝင်ဆောင်ရွက်ပေးမှုများဖြင့် အိုးအိမ်စွန့်ပစ်ထွက်ပြေးကြရခြင်း၏ သက်ရောက်ထိခိုက်မှုများကို လျှော့နည်းသက်သာစေပြီး၊ လက်ခံရာ အိမ်ရှင်ရပ်ရွာလူထုများ နှင့် ထွက်ပြေးလာကြရသူ လူထုများအကြား လူမှုရေးအရ ညီညွတ် သဟဇာတဖြစ်မှု ဖြစ်ရလေအောင် စွမ်းဆောင်ပေးပါသည်။
- တိုင်းရင်းသား ကျန်းမာရေးဌာနများ၏ စနစ်များ အားကောင်းခိုင်မာမှုကြောင့်၊ အထူးသဖြင့် COVID-19 ကူးစက်ကပ်ဘေး ကြိုတင်ကာကွယ်မှုနှင့် ထိန်းချုပ်မှု လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားတို့၏ ကျန်းမာရေးစနစ်များကြောင့်သာ ရေရှည်အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေသည်။
- လက်ရှိ အကျပ်အတည်းများအတွင်း၊ ဒေသခံ ရပ်ရွာလူထုများ၏ ကြံ့ကြံ့ခံနိုင်စွမ်း ခိုင်မာအားကောင်းစွာ ရှိနေကြောင်းကို တကြိမ်ပြီးတကြိမ် ထင်ရှားပေါ်လွင်စွာ ပြသနိုင်ခဲ့သည်။

## မဟာဗျူဟာ လမ်းညွှန်ချက် (၂)။ စားနပ်ရိက္ခာ လုံခြုံမှု

အာဟာရ ရရှိမှုမြှင့်တင်ပေးခြင်း နှင့် ထုတ်လုပ်နိုင်စွမ်းရှိသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများဖြင့် စားနပ်ရိက္ခာလုံခြုံရေးကို အားဖြည့်ပေးရေး။

### အလေးပေးဖော်ပြချက်များ

**ထိုင်းနိုင်ငံ**

- ရပ်ရွာဈေးငွေ အစီအစဉ်ဖြင့် အိမ်ထောင်စု ၅၀၀ ကို ကူညီပေးနိုင်ခဲ့ပြီး၊ ဝင်ငွေရရှိစေရေး လုပ်ငန်းများ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် ရန်ပုံငွေ ဖြည့်ဆည်းပေးခဲ့သည်။
- ရပ်ရွာဥယျာဉ်များသည် အာဟာရ ရရှိရေး၊ ငွေချွေတာရေးအတွက် အရေးကြီးနေဆဲဖြစ်ပြီး၊ ဒုက္ခသည်များ ဝယ်မစားရသောကြောင့် ငွေကုန်ကျသက်သာစေသည်၊ သို့မဟုတ် ဥယျာဉ်များမှ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ ထုတ်လုပ်နိုင်ကြရာ အာဟာရအတွက် ဖြည့်စွက်စားသုံးနိုင်သည်။ စခန်း ၄-ခုအတွင်း၌ စားနပ်ရိက္ခာကဒ်ဖြင့်၊ ဟင်းသီးဟင်းရွက်အစေ့များ စမ်းသပ်ရောင်းချမှု အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက ယခုအခြေအနေကို ပို၍တိုးတက်စေမည် ဖြစ်သည်။
- COVID-19 ကူးစက်ဘေးကြောင့် အခက်အခဲများ ရှိနေသော်လည်း၊ ဒုက္ခသည်များအကြား ကျန်းမာရေးနှင့်ညီညွတ်သည့် စုံလင်ထွေပြားသော အစားအစာများ စားသောက်နိုင်ကြရာ၊ အာဟာရ ရရှိမှု အလားအလာများ ဆက်၍ တိုးတက်နေသည်။

## မြန်မာနိုင်ငံ

- လယ်သမား ၁၀,၀၀၀ ကျော်အတွက် စိုက်ပျိုးရေး ထုတ်လုပ်နိုင်စွမ်းကို တိုးတက်စေခဲ့သည်။
- (IMAM) & (IYCF) သင်တန်းများကြောင့် ရလဒ်အနေဖြင့်၊ ကလေး ၁၀,၀၀၀ ကျော်အတွက် အစားအသောက်နှင့် အာဟာရ တိုးတက်လာစေသည်။
- လူ ၆,၀၀၀ ကျော်အတွက် ရေရရှိရေး၊ အိမ်သာနှင့် တကိုယ်ရေသန့်ရှင်းရေး တိုးတက်မြင့်မားလာစေသည်။
- မိသားစုပေါင်း ၆,၃၅၄ ခု၏ မြေယာလုံခြုံမှု သိသာစွာ တိုးတက်ခဲ့သည်။ ကေအဲန်ယူ နှင့် မွန်ပြည်သစ်ပါတီထိန်းချုပ်ရာဒေသများတွင် မြေယာမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးနိုင်သည့် ရလဒ်ကြောင့် ဖြစ်သည်။

## ထိုင်းနိုင်ငံ

COVID-19 ကူးစက်ဘေး စိန်ခေါ်မှုပြဿနာများ ရှိနေသော်လည်း၊ (TBC) အဖွဲ့က ၂၀၂၁ ခုနှစ်လုံးတွင် ထွက်ပြေးလာရသူ ရပ်ရွာလူထုများအတွက် စားနပ်ရိက္ခာလုံခြုံမှုကို သေချာစီမံခန့်ခွဲနိုင်ခဲ့သည်။

COVID-19 ကူးစက်ဘေးအန္တရာယ်ကြောင့် နှင့် စခန်းများအတွင်း လှုပ်ရှားမှုများကို ကန့်သတ်ထားသည့်အတွက်ကြောင့် တနှစ်လျှင် နှစ်ကြိမ်ဆောင်ရွက်သည့် အာဟာရ ရရှိမှုစစ်တမ်းကောက်ယူမှုကို ဆိုင်းငံ့ထားပါသည်။ သို့သော်လည်း စားနပ်ရိက္ခာ လုံခြုံမှုအတွက် ဖြန့်ဖြူးပြီးနောက် စောင့်ကြည့်လေ့လာမှု နှစ်စဉ်ဆောင်ရွက်ချက် (FS PDM) စစ်တမ်းရလဒ်များအရ ၉၆% သော အိမ်ထောင်စုများသည် လက်ခံနိုင်ဖွယ်ရှိသည့် စုံလင်ထွေပြားသော အစားအစာများ ရရှိကြကြောင်း ဖော်ပြပြီး၊ အများစုမှာ အစားအစာ စုံလင်ထွေပြားစွာ ရရှိကြောင်း ဖော်ပြကြပါသည်။ (FS PDM) စစ်တမ်းက ဖော်ပြသည့်အတိုင်း စားနပ်ရိက္ခာကဒ်ကို အသုံးပြု၍ ဆန်နှင့် ဆီတို့ကို ချက်ပြုတ်ရန် ဝယ်ယူလေ့ရှိကြပြီး (ယင်းတို့က အိမ်ထောင်စုများ၏ စားနပ်ရိက္ခာအတွက် ဘတ်ဂျက်အများစုကို သုံးစွဲကြရပါသည်) အိမ်ထောင်စုများအတွက် လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များကို ရပ်ရွာဥယျာဉ်များမှ ရရှိကြသည်။ COVID-19 ကူးစက်ဘေးကြောင့် ခရီးသွားလာမှုများ ကန့်သတ်မှုများ ပြုထားသည့်တိုင်အောင် ဤသို့ ဆောင်ရွက်နိုင်မှုကြောင့် စားနပ်ရိက္ခာကဒ်တန်ဖိုးသည် အိမ်ထောင်စုများအတွက် ခွင့်ပြုထားသည့် စားနပ်ရိက္ခာအသုံးစရိတ်အတိုင်း တစ်လတာမျှ ခံသည်ကို တွေ့ရှိရသည်။ စားနပ်ရိက္ခာကဒ်မသုံးဘဲ ပြင်ပတွင် ပျမ်းမျှအားဖြင့် တလလျှင် ထိုင်းဘတ်ငွေ ၅၁၃ ဘတ်ခန့် အသုံးပြုနေကြရသည်။

လူကိုယ်တိုင် စုဆုံ၍ သင်တန်းများဆောင်ရွက်ရန် အခွင့်အလမ်းများ နည်းပါးသောကြောင့်၊ မွေးကင်းစ ကလေးများနှင့် ကလေးငယ်များ အာဟာရကျွေးမွေးမှု (IYCF) အစီအစဉ်က IYCF ပညာပေးရေးကို အဝေးမှဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရေး ပစ္စည်းကရိယာများ ပြုစုပြင်ဆင်ခဲ့သည်။ ယင်းတို့တွင် အာဟာရ ရရှိမှုဆိုင်ရာ သတင်းအချက်အလက်များ ဖော်ပြထားသည့် အကြံပေးမှုဆိုင်ရာ ကဒ်ပြားများ၊ COVID-19 ကူးစက်ကပ်ဘေးကာလအတွင်း ခေါင်းစဉ်များ ပါဝင်ပြီး၊ စခန်းများသို့ သွားလာခွင့်ကန့်သတ်ထားသည့်အချိန်၌ မရှိမဖြစ် အရေးပါပါသည်။ ဒုက္ခသည်များအနေဖြင့် အိမ်တွင်နေ၍ သို့မဟုတ် အုပ်စုငယ်များဖြင့် အာဟာရ ရရှိမှုဆိုင်ရာအတွက် သူတို့၏လေ့လာသင်ယူမှုကို သေချာဆက်လက်ဆောင်ရွက်နိုင်ကြပါသည်။ အလားတူပင် COVID-19 ကူးစက်ဘေး ကာလအတွင်း (IYCF) နှင့် ပတ်သက်၍ အဓိကသတင်းစကား ၄ ချက်ပါဝင်သည့် ဗီဒီယိုကို ကရင်ဘာသာ၊ မြန်မာဘာသာစကားတို့ဖြင့် ထုတ်လုပ်နိုင်ခဲ့ပါသည်။[11] နောက်ဆုံးအနေဖြင့် (FSN) အဖွဲ့က ၃-လ တစ်ကြိမ် စားနပ်ရိက္ခာလုံခြုံမှုအတွက် (PDM) စစ်တမ်းမှ သတင်းအချက်အလက်များကို ဂရပ်ပုံအမျိုးမျိုးဖြင့် ဖန်တီး၍ ဒုက္ခ

[11] ဤဗီဒီယိုများကို TBC အဖွဲ့၏ YouTube channel တွင် ရရှိနိုင်သည်။ လင့်ခ် https://www.youtube.com/channel/UCRy4VF4tReMOuOPG_ahhdwg

သည်များ အနေဖြင့် စစ်တမ်းရလဒ်များကို အလွယ်တကူ သိရှိနားလည်နိုင်သောပုံစံဖြင့် ကူညီဆောင်ရွက်နိုင်ခဲ့ပါသည်။ ရလဒ်များကို အဓိပ္ပါယ်ဖွင့်ဆို၍ တုံ့ပြန်မှုများကို ပေးဆောင်နိုင်ခဲ့ပါသည်။[12]

ကျန်းမာသန်စွမ်းသည့် ကလေးများ၊ တောက်ပသောအနာဂတ်များ (The Healthy Babies Bright Futures) အစီအစဉ်ကို ဘောဘီဘရိုက် ဖြည့်စွက်အစာ (BabyBRIGHT) ထောက်ပံ့ပေးခြင်းဖြင့် ဆောင်ရွက်ပါသည်။ ယင်းကို IYCF ပညာပေးရေး/ လှုပ်ရှားမှု အစီအစဉ်တက်ရောက်သူများကို မက်လုံးတခုအနေဖြင့် ထောက်ပံ့ပေးပါသည်။ လစဉ် ခန့်မှန်း ကလေး ၂,၀၀၀ ခန့် (အသက် ၆-၂၄ လ) ပါဝင်တက်ရောက်ကြပြီး၊ သူတို့ကို ထိန်းသိမ်းစောင့်ရှောက်သူများကလည်း ပညာပေးအစီအစဉ်များတွင် ပါဝင်ကြပါသည်။

ယခုတစ်နှစ်လုံးတွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် ရပ်ရွာပိုင်ဥယျာဉ်တို့နှင့် ပတ်သက်၍ ပုံမှန်လုပ်ဆောင်နေမှုများ ရှိပါသည်။ ရပ်ရွာပိုင်ဥယျာဉ်များသည် အရေးကြီးပြီး၊ COVID-19 ကူးစက်ဘေးကို တိုက်ပွဲဝင်နေစဉ်၍ စားနပ်ရိက္ခာနှင့် ပတ်သက်၍ စိုးရိမ်ပူပန်နေရမှုများကို လျှော့ပါးစေပြီး၊ အိမ်ထောင်စုများကို စားနပ်ရိက္ခာနှင့် ပတ်သက်၍ ဘတ်ဂျက်ချွေတာနိုင်ရန်၊ စုံလင် ထွေပြားသည့် အစားအစာများ ဆက်လက်စားသုံးနိုင်ရန် အထောက်အကူ ပြုပါသည်။ (TBC) အဖွဲ့က စခန်း ၄-ခုတွင် စားနပ်ရိက္ခာကဒ်ဖြင့် ဟင်းသီးဟင်းရွက်အစေ့များ ရောင်းချပေးသည့် စမ်းသပ်အစီအစဉ်တခုကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ရောင်းချမှု အားကောင်းပြီး၊ အိမ်ထောင်စုများက စားနပ်ရိက္ခာကဒ်ကို အသုံးပြုရာ၌ သူတို့၏ဘတ်ဂျက်ကို ချိန်ညှိနိုင်ရန် မဟာဗျူဟာကို ပေးပါသည်။ TBC အဖွဲ့က စားနပ်ရိက္ခာကဒ်စနစ် အလုပ်အဖွဲ့များနှင့် တိုင်ပင်အကြံရယူ၍ ၂၀၂၂ ခုနှစ်တွင် အခြားသော စခန်းများ၌ ဤအစီအစဉ်ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(TBC) အဖွဲ့၏ ရပ်ရွာချေးငွေအစီအစဉ်ကို ထိုင်းဘတ် ၅.၂ သန်းတန်ဖိုးတိုင်အောင် တိုးချဲ့လာခဲ့ပါသည်။ ယနေ့ကာလတွင် ထိုင်းဘတ် ၄ သန်းကို ဖြန့်ဝေချေးငှားထားပြီး၊ အိမ်ထောင်စု ၅၀၀ အထိ ပါဝင်နေကြသည်။ ယင်းတို့အနက် အိမ်ထောင်စု အနည်းဆုံး ၁၀% မှာ ရပ်ရွာက ဦးဆောင်စီမံသည့် ပစ်မှတ်ထား ထောက်ပံ့ပေးမှု အစီအစဉ် (CMT) တွင် 'အထူးထိခိုက် နစ်နာဖွယ် ရှိသူများ'နှင့် 'ထိခိုက်နစ်နာဖွယ်ရှိသူများ'အဖြစ် အုပ်စုသတ်မှတ်ခံကြရသူများ ဖြစ်သည်။ ဤချေးငွေများကို ဝင်ငွေရရှိရေး လုပ်ငန်းများအတွက် သုံးကြပါသည်။ ဤလုပ်ငန်းများတွင် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ခြင်း၊ ကုန်သွယ်ခြင်း၊ အစားအစာ ရောင်းချခြင်း၊ ဆိုင်ထူထောင်ခြင်း၊ ယက်ကန်းလုပ်ငန်း၊ စိုက်ပျိုးရေး နှင့် ပြည်ပသို့ပစ္စည်းတင်ပို့ခြင်းများ ပါဝင်ပါသည်။

## မြန်မာနိုင်ငံ

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် တောင်ပေါ်ဓလေ့ဖြင့် ကျင့်သုံးစိုက်ခင်းများ၌ ထုတ်လုပ်နိုင်စွမ်း တိုးတက်မှုဆက်လက် ဖြစ်ပေါ်နေပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ကြိုးပမ်းဆောင်ရွက်မှုများတွင် မော်တော်ဆိုင်ကယ်လမ်း တည်ဆောက်ခြင်း/ ပြုပြင်ခြင်းများ၊ အော်ဂဲနစ်ဥယျာဉ်ခြံများ တည်ထောင်ခြင်း၊ လယ်သမားယယ်များအတွက် လက်တွန်းလယ်ထွန်စက်များ ထောက်ပံ့ပေးခြင်း၊ ဆည်နှင့် ရေသွင်းမြောင်း အငယ်စားများ တည်ဆောက်ခြင်း/ တိုးချဲ့ခြင်းများ ပါဝင်ပါသည်။ ရေရှည်တည်တံ့နိုင်သော/ အာဟာရ ရရှိမှုအပေါ် အလေးထားသော စိုက်ပျိုးရေးသင်တန်းများလည်း ဆောင်ရွက်ခဲ့ပြီး၊ ယင်းတို့တွင် သစ်ရွက်ဆွေး မြေဩဇာလုပ်နည်း၊ သဘာဝအလျှောက် ပိုးမွှားကာကွယ်ခြင်း၊ အပင်မျိုးပွားခြင်း၊ သီးနှံများကို ထိန်းသိမ်းထားခြင်း နှင့် ရေသွင်းစနစ်များ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ဤသင်တန်းများတွင် ဌာနေတိုင်းရင်းသားတို့၏

---

[12] ဤသတင်းဂရပ်ဖ်ဖော်ပြချက်များကို TBC အဖွဲ့၏ ဝက်ဘ်ဆိုဒ်တွင် အင်္ဂလိပ်၊ မြန်မာ၊ ကရင်ဘာသာများဖြင့် ရရှိနိုင်ပါသည်။ လင့်ခ် https://www.theborderconsortium.org/nutrition/nutrition-2020-present/

ဇဟုသုတများ ထိန်းသိမ်းထားရန် အရေးကြီးပုံကို အလေးပေး ပို့ချခဲ့ပြီး၊ သီးနှံများကို ရောနှောစိုက်ပျိုးခြင်း နှင့် ဌာနေတိုင်းရင်းမျိုးစေ့များကို အကျယ်အပြန့်သုံး၍ စိုက်ပျိုးခြင်း အလေ့အထများ ပါဝင်သည်။

ဘီးလင်းမြို့နယ်တွင် မြေယာပဋိပက္ခများကို ဖြေရှင်းခြင်းနှင့် ပတ်သက်၍ သုတေသနပြုမှုရလဒ်အရ ပို၍ရေရှည်သဘော ဆန်သည့် သက်ရောက်မှုများကို သိသာနိုင်သည်။ ကေအဲန်ယူ နှင့် မွန်ဒေသများတွင် မိသားစုပေါင်း ၆,၃၅၄ ကို မြေယာ သတ်မှတ်တိုင်းတာခြင်းနှင့် မှတ်ပုံတင်ပေးခြင်းကြောင့်၊ ကရင်နီဒေသတွင်လည်း အငယ်စားလယ်လုပ်ကွက်များကို တရားဝင် မြေတိုင်းတာပေးခြင်းဖြင့်၊ ယင်းနှင့်အတူ ရပ်ရွာက စီမံခန့်ခွဲသည့် သစ်တောများ၊ ငါးထိန်းသိမ်းထားမှုဇုန်များကို ကရင်နီ၊ ကရင်နှင့် မွန်ဒေသများတွင် အားဖြည့် ဆောင်ရွက်နိုင်ခြင်းဖြင့် ရေရှည်သက်ရောက်မှု ဖြစ်ပေါ်လာစေသည်။

ပြီးခဲ့သည့်နှစ်အတွင်း အောင်မြင်သည့် အာဟာရ ရရှိရေး၊ အိမ်သာနှင့် တကိုယ်ရေ သန့်ရှင်းရေး ကြားဝင်ဆောင်ရွက်မှုများကို စည်းရုံးဆောင်ရွက်နိုင်ခဲ့ကြသည်။ အာဟာရချို့တဲ့မှု ပြင်းထန်မှုအပေါ် စစ်ဆေးခဲ့သည့်၊ အသက် ၅ နှစ်အောက် ကလေးများ ၈,၄၉၈ ဦးအနက် ကလေး ၃၄၈ ဦး *(၄.၁%)* သည် အသင့်အတင့် သို့မဟုတ် ပြင်းထန်စွာ အာဟာရချို့တဲ့မှုရှိနေသည်ကို ဖော်ထုတ်တွေ့ရှိရပြီး၊ ဖြည့်စွက်စာ နှင့်/သို့မဟုတ် ကုသမှုကျွေးမွေးရေး အစီအစဉ်များသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် နှင့် ရပ်ရွာလူထုများအတွက် အာဟာရဆိုင်ရာ သင်တန်းများလည်း ဆောင်ရွက်နိုင်ခဲ့သည်။ ကျန်းမာသန်စွမ်းသည့် မွေးကင်းစ ကလေးများနှင့် ကလေးငယ်များ ကျွေးမွေးမှု အလေ့အကျင့်များကို အသိပညာ တိုးမြှင့်ပေးနိုင်ခဲ့သည်။ ကျန်းမာရေးလုပ်သားများအကြား အာဟာရ ရရှိမှုနှင့်ပတ်သက်၍ အသိပညာတိုးမြှင့်ပေးပြီး၊ အာဟာရ ကောင်းစွာ ရရှိသည့် မွေးကင်းစကလေးများနှင့် ကလေးငယ်များ ကျွေးမွေးမှု အမူအကျင့်များကို ကျင့်သုံးလာစေရန် တိုးချဲ့တိုက်တွန်းနိုင်ခဲ့သည်။

ရေရရှိရေး၊ အိမ်သာနှင့် တကိုယ်ရေသန့်ရှင်းရေး (WASH) လုပ်ငန်းဆောင်ရွက်မှုများတွင် ကျေးလက်အဆင့် အခြေခံ အဆောက်အဦ စီမံကိန်းများလည်း ပါဝင်သည်။ ဥပမာအားဖြင့်- ရေပေးရေးစနစ်များ တပ်ဆင်ခြင်းဖြစ်သည်။ ရေတွင်းများ နှင့် အိမ်သာ ၆၇၁ ခု တည်ဆောက်ပေးနိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် သစ်တောများအတွင်း ထွက်ပြေးပြောင်းရွှေ့လာရသည့် ကျေးရွာလူထုများ ရေသန့်ရရှိရေး မရှိမဖြစ်လိုအပ်ချက်ကို ဖြေရှင်းနိုင်ရန်အတွက် သယ်ဆောင်ရွှေ့ပြောင်းနိုင်သည့် ရေသယ်ပုံးများနှင့် ရေစစ်များ အသုံးပြုသည့်စနစ် ကို ပြောင်းလဲအသုံးပြုခဲ့သည်။ ရေရရှိရေး၊ အိမ်သာနှင့် တကိုယ်ရေသန့်ရှင်းရေး (WASH) အခြေခံ အဆောက်အဦများ ထောက်ပံ့ပေးမှုနှင့်အတူ လူထုစည်းဝေးပွဲနှင့် သင်တန်း ၂၄၈ ခုကိုလည်း စည်းရုံးဆောင်ရွက်နိုင်ခဲ့သည်။ တကိုယ်ရေသန့်ရှင်းရေး အသိမြှင့်တင်ပေးနိုင်ရန် ဖြစ်သည်။ အိမ်သာ၊ တကိုယ်ရေသန့်ရှင်းရေးနှင့် ရေမှကူးစက်သည့် ရောဂါများ ချိတ်ဆက်မှုကို သိစေသည်။ အထူးသဖြင့် COVID-19 ကူးစက်ကပ်ဘေးကာလတွင် အခြား ရောဂါကူးစက်မှုများကို လျှော့ချသက်သာစေသည်။

TBC ၏ စိုက်ပျိုးရေးအရာရှိမှ ကရင်နီ မိတ်ဖက်အဖွဲ့အစည်းများအတွက် မျိုးစေ့နှင့် စပါးဘဏ် စီမံထိန်းသိမ်းမှုဆိုင်ရာ သင်တန်း ပို့ချပေးခဲ့ပါသည်။ သင်တန်းပို့ချခဲ့သည့် ခေါင်းစဉ်များတွင် ထွန်ယက်ခြင်း၊ နေဖြင့် ခြောက်သွေ့စေခြင်း၊ စပါး အခြောက်လှမ်းခြင်း၊ ဆန်သိုလှောင်ခြင်း၊ မျိုးစေ့များကို သိမ်းဆည်းသိုမှီးထားခြင်း၊ ဥပဒေ စည်းမျဉ်းများရေးဆွဲခြင်း နှင့် ကော်မီတီအဖွဲ့ဝင်များသို့ တာဝန်များ ခွဲဝေချထားပေးခြင်းတို့ ပါဝင်သည်။

### သင်ခန်းစာများ

**ထိုင်းနိုင်ငံ**

- COVID-19 ကူးစက်မှုကြောင့် ဖြစ်ရသည့် တနှစ်လျှင် ၂ ကြိမ်ဆောင်ရွက်နေသော အာဟာရ ရရှိမှုဆိုင်ရာ စစ်တမ်းကောက်ယူမှု မဆောင်ရွက်နိုင်ဘဲ၊ ကြာမြင့်နေရာ ဆက်လက်၍ စခန်းတွင်း စောင့်ကြည့်လေ့လာမှုများ ပြုသင့်ပါသည်။ အခြား ဆက်လက်ဆောင်ရွက်နေသည့် စစ်တမ်းများ၊ ဒေတာများကို ရယူကြည့်ရှုနိုင်ပါသည်။ (ဥပမာအားဖြင့်- ၃ လတကြိမ် ဆောင်ရွက်သည့် စားနပ်ရိက္ခာလုံခြုံမှု ဖြန့်ဝေပြီးနောက် လေ့လာစောင့်ကြည့်မှု (PDM) ရလဒ် များ၊ ဖြည့်စွက်စာ/ကုသမှုအစာ ကျွေးမွေးခြင်း အစီအစဉ်များတွင် ပါဝင်တက်ရောက်နေသည့် လူဦးရေအား လေ့လာစောင့်ကြည့်ခြင်း.. စသည်တို့ ဖြစ်သည်။)
- လူတဦးချင်းအနေဖြင့် သို့မဟုတ် အုပ်စုငယ်များအနေဖြင့် သတင်းအချက်အလက်ဖော်ပြသည့် ပုံများ (Infographics) နှင့် မိမိဘာသာ လေ့လာမှုပြုနိုင်ပြီး၊ IYFC နှင့် အာဟာရ ရရှိရေးဆိုင်ရာ ပညာပေး မြှင့်တင်ခြင်း အစီအစဉ်များကို ရရှိနိုင်ပါသည်။ စခန်းတွင်းသို့ သွားလာမှုကန့်သတ်ထားသည့် ကာလတွင် ဤနည်းဖြင့် ဆောင်ရွက်နိုင် ပါသည်။

**မြန်မာနိုင်ငံ**

- သေချာပစ်မှတ်ထား ဆောင်ရွက်ပါက၊ ဆောင်ရွက်နေစဉ်အတွင်း ရှေ့နောက်အစီအစဉ် သေချာချမှတ်ပါက၊ တစုံတရာ တည်ငြိမ်နေသည့် နေရာကွက်လပ်များ ရရှိနိုင်ပါက ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်ချက်များ ဖြစ်နိုင်ပါသေးသည်။
- ရေအားလျှပ်စစ် စမ်းသပ်စီမံကိန်းငယ်များကို ဝေးလံသည့် ဒေသများတွင် ပြန်လည်ပြည့်မြဲ စွမ်းအင်အဖြစ် အသုံးချနိုင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် မြှင့်တင်ဆောင်ရွက်နေပါသည်။ ယင်းနေရာများတွင် နိုင်ငံတော်လျှပ်စစ် မဟာဓာတ်အားလိုင်း ကွန်ရက်မှ လက်လှမ်းမမှီဘဲ ရှိနေပါသည်။ သို့သော်လည်း ဘက်ထရီသိုလှောင်နိုင်မှုအတွက် နည်းပညာဆိုင်ရာ ပြဿနာ ရှိနေဆဲ ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား ရုတ်ချည်းတက်လာပါက သိုလှောင်ထားနိုင်ရန် စွမ်းရည် အကန့်အသတ် ရှိနေပါသည်။
- ရေပုံးများနှင့် အသုံးပြုနိုင်သည့် ရွှေ့ပြောင်းနိုင်သော ရေသန့်စနစ်များကို အသုံးပြုခြင်းသည် စစ်တပ်အင်အားတိုးချဲ့ချထားလာခြင်းကြောင့် တောထဲသို့ ထွက်ပြေးလာကြရသည့် ဒုက္ခသည်ရပ်ရွာလူထုများအတွက် များစွာပို၍ အသုံးဝင်မှုရှိပါသည်။

## မဟာဗျူဟာ လမ်းညွှန်ချက် (၃)။ ဂုဏ်သိက္ခာရှိသည့် အနာဂတ်များ

ကာကွယ်ပေးမှုရှိသည့် ဝန်းကျင်ကို မြှင့်တင်ပေးရန် နှင့် ရွှေ့ပြောင်းထွက်ပြေးကြရသူ လူထုများ၊ စစ်ပွဲပဋိပက္ခများကြောင့် ထိခိုက်နစ်နာနေရသည့် လူထုများအတွက် လုံခြုံသည့် ဂုဏ်သိက္ခာရှိသည့် အနာဂတ်များကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်။

## အလေးပေး ဖော်ပြချက်များ

### ထိုင်းနိုင်ငံ

- စစ်အာဏာသိမ်းမှုကြောင့် မျှော်မှန်းနိုင်သည့် ကာလအတွင်း၊ မြန်မာနိုင်ငံသို့ အိမ်ပြန်နိုင်မည့် အခွင့်အလမ်းကို ထိရောက်သိသာစွာ အဆုံးသတ်စေခဲ့သော်လည်း၊ ဒုက္ခသည်များ၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိရောက်စွာ စွမ်းဆောင်နိုင်သည့် အရည်အသွေး မြှင့်တင်ပေးရေးဆိုင်ရာ သင်တန်းများသည် အဓိကကျသည့်အခန်းကဏ္ဍက ရှိနေပါသည်။ သူတို့နေထိုင်သည့် စခန်းများအတွင်း တက်ကြွစွာဆက်၍ ဆောင်ရွက်နေပါသည်။
- အိမ်ပြန်ရေးအတွက်၊ COVID-19 ကူးစက်ဘေးနှင့် စစ်အာဏာသိမ်းမှုတို့နှင့် ပတ်သက်၍ စိန်ခေါ်မှုပြဿနာများ၊ စိုးရိမ်ပူပန်မှုများ ရှိနေသော်လည်း၊ ဒုက္ခသည်များသည် ဆွေးနွေးပွဲသင်တန်းများ တက်ရောက်ရန် စိတ်တက်ကြွနေကြဆဲ ဖြစ်ပါသည်။ သူတို့၏ ရပ်ရွာများအတွင်း တက်ကြွစွာ ကျရာအခန်းကဏ္ဍကို တာဝန်ယူနေကြဆဲ ဖြစ်ပါသည်။

### မြန်မာနိုင်ငံ

ကရင်လူ့အခွင့်အရေး အဖွဲ့ (KHRG)၊ ကရင်နီလူ့အခွင့်အရေး အဖွဲ့ (KnHRG) နှင့် မွန်လူ့အခွင့်အရေး အဖွဲ့ (HURFOM) တို့မှ စုဆောင်းမှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ (နောက်ဆုံးအခြေအနေ ဖော်ပြချက် ၉၈ ခု/ ပုံနှိပ်ထုတ်ဝေမှုများ) ဖြင့် အကျယ်အပြန့် လူ့အခွင့်အရေး ပညာပေးမှုများကို ဖြည့်ဆည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ (လူ့အခွင့်အရေး နှင့် ကျား-မ တန်းတူရေး ဆွေးနွေးပွဲသင်တန်းများတွင် ပါဝင်တက်ရောက်သူပေါင်း ၁,၈၆၈ ဦး ရှိသည်။)

- ဆန်စပါးဘဏ်များဖြင့် လူမှုဖူလုံရေးကို လုံခြုံစိတ်ချစေရန် အိမ်ထောင်စု ၄,၀၀၀ ကျော်အတွက် ပံ့ပိုးထားပေးနိုင်သည်။
- လူမှု ကာကွယ်ပေးရေးလုပ်ငန်းစဉ်များကို အားဖြည့်ဆောင်ရွက်ပေးရန် လိုအပ်ပြီး၊ ခိုလှုံရာ ဘေးကင်းအိမ်များ၊ အရေးပေါ်အခြေအနေတွင် ပညာပေးမှုလုပ်ငန်းများနှင့် ရပ်ရွာမီဒီယာ ကြိုးပမ်းဆောင်ရွက်ချက်များ လိုအပ်နေသည်။
- ရပ်ရွာလူထု ၇,၂၅၀ ကျော်သည် သူတို့၏ကျန်းမာရေးကို မြှင့်တင်နိုင်ရန်၊ အိမ်သာနှင့် တကိုယ်ရေသန့်ရှင်းရေး လက်တွေ့ကျင့်သုံးမှုများ ဆောင်ရွက်ရန် လက်တွေ့ဗဟုသုတ ရရှိစေခဲ့သည်။ အသိအမြင်ဖွင့် ကမ်ပိန်းလှုပ်ရှားမှုများ၊ သင်တန်းများမှတဆင့် ဆောင်ရွက်ခဲ့သည်။
- တိုင်းရင်းသား အမျိုးသမီးအဖွဲ့အစည်း ၃-ခုမှ သင်တန်းများနှင့် ကမ်ပိန်းလှုပ်ရှားမှု ၂၀ ကျော်ကို ဆောင်ရွက်ခဲ့သည်။ ပုံစံမျိုးစုံသော လိင်မှုဆိုင်ရာနှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ နိဂုံးချုပ်အဆုံးသတ်စေရန် ရည်ရွယ် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

### ထိုင်းနိုင်ငံ

စခန်းများရှိ လူဦးရေသည် ပြီးခဲ့သည့်နှစ်အတွင်း ၇၉,၄၆၃ ဦးမှ ၈၀,၉၈၂ ဦးသို့ ၁.၈% တိုးတက်လာခဲ့ပါသည်။ မွေးကင်းစကလေးများနှင့် လူများစခန်းသို့ ပြန်ဝင်လာကြသောကြောင့် ဖြစ်ပါသည်။[13] ပြီးခဲ့သည့်နှစ်များနှင့် နှိုင်းယှဉ်လျှင် COVID-19

---

[13] https://www.theborderconsortium.org/wp-content/uploads/2022/01/2021-12-December-map-tbc-unhcr.pdf

ကူးစက်ဘေးကြောင့် ဒုက္ခသည် အနည်းအကျဉ်းမျှသာ စခန်းကိုခွာ၍ ထိုင်းနိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေမှု ရှိပါသည်။

စစ်အာဏာသိမ်းမှုကြောင့် အိမ်ပြန်ရေး အစီအစဉ်များ နှင့် ကုလ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ကမကထ ပြု ဦးဆောင်နေသည့် မိမိဆန္ဒအလျှောက် အိမ်ပြန်ရေးအစီအစဉ်များကို ကာလအကန့်အသတ်မရှိ ဆိုင်းငံ့ထားခဲ့ရသည်။ အလားတူပင် အိမ်ပြန်၍ လေ့လာသည့်အစီအစဉ် (Go and See visits) များကိုလည်း ဆိုင်းငံ့ထားခဲ့ရသည်။ နယ်စပ်ကို ကုန်သွယ်ရေးအတွက် ပြန်၍ဖွင့်လှစ်ခဲ့သော်လည်း၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် ပြင်းထန်သည့်တိုက်ပွဲများသည် မျှော်မှန်းနိုင်သည့် အနာဂတ်ကာလတခုအထိ ဆက်လက်ဖြစ်ပွားနေနိုင်ရာ၊ အဓိကဒုက္ခသည်စခန်းများအနေဖြင့် ဆက်လက်၍ ကျန်ရှိနေရမည် ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင်းသို့ ဒုက္ခသည်များ ထပ်မံထွက်ပြေးလာရန်လည်း ဖြစ်နိုင်ခြေများပါသည်။ ဒုက္ခသည်များအနေဖြင့် ထိုင်းနိုင်ငံတွင်း လုပ်သားအင်အားစုများအဖြစ် ပေါင်းစည်းရန် ဖြစ်နိုင်ခြေ အစီအစဉ်များမှာလည်း တိုးတက်မှု မရှိပါ။

အိမ်ပြန်ရေး အခွင့်အလမ်းများ အကန့်အသတ်ရှိနေသော်လည်း၊ အရည်အသွေးမြှင့်တင်ရေး သင်တန်းများ၊ အုပ်ချုပ်မှုစနစ်ဆိုင်ရာ သင်တန်းများကို ဒုက္ခသည်များအနေဖြင့် ဆက်လက်လုပ်ကိုင်ရန်၊ သူတို့၏ရပ်ရွာကို ဦးဆောင်ရန်အတွက် ဆက်လက်၍ အရေးပါနေပါသည်။ ဒုက္ခသည်များထဲမှ လစာခံစားခွင့်ရှိသော ဝန်ထမ်းသစ်များအားလုံးသည် လိုက်နာရမည့် ကျင့်ထုံးများဆိုင်ရာ၊ ကလေးများ ကာကွယ်ပေးရေးနှင့် လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ ကျူးလွန်ချိုးဖောက်ခြင်းနှင့် ချိုးနှိမ်ဖိနှိပ်ခြင်း ဆိုင်ရာသင်တန်းများ (PSEAH) ရရှိကြပါသည်။ တည်ရှိဆဲဝန်ထမ်းများသည်လည်း မွန်းမံ သင်တန်းများ ရရှိကြသည်။ ထို့အပြင်၊ အိမ်ပြန်ရေး အစီအစဉ်များသည် ကာလအကန့်အသတ်မရှိ ဆိုင်းငံ့ထားသော်လည်း၊ နောက်ဆုံးအထိ ဆက်လက်၍ ရှိနေဆဲ ဖြစ်ပါသည်။ လက်ငင်းအခြေအနေတွင်သာ အိမ်ပြန်ရန် လက်တွေ့မဖြစ်နိုင်ခြင်း ဖြစ်သည်။

## မြန်မာနိုင်ငံ

တိုင်းရင်းသား ရပ်ရွာများတွင် လူမှုကာကွယ်ပေးရေးဆိုင်ရာ စနစ်များ တုံ့ပြန်ဆောင်ရွက်နိုင်မှုကို၊ ၎င်းမိတ်ဖက်အင်အားစုတို့၏ ရန်ပုံငွေများကို ခေါင်းစဉ်လွှဲပြောင်း အသုံးပြုနိုင်ကြသည့် စွမ်းရည်နှင့် အစီအစဉ်များကို ပြန်၍ရေးဆွဲခြင်းအားဖြင့် အလေးပေး ဖော်ပြနေပါသည်။ ထိုအချိန်က COVID 19 ကူးစက်ကပ်ဘေး ကြိုတင်ကာကွယ်ရေး နှင့် ထိန်းချုပ်ရေးလုပ်ငန်းစဉ်များအတွက် အလေးပေး ဆောင်ရွက်ခဲ့ကြသည်။ အလားတူပင် နိုင်ငံရေးအရ ဖိနှိပ်ခံရမည့်အရေးနှင့် ပဋိပက္ခစစ်ပွဲများရန်မှ ထွက်ပြေးလာရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများလည်း ထောက်ပံ့ပေးနိုင်ခဲ့သည်။ မည်သို့ပင်ဆိုစေ၊ မူလက စီစဉ်ထားသော အခြားသော လူမှုကာကွယ်ပေးရေးဆိုင်ရာ စနစ်များကိုလည်း ၂၀၂၁ ခုနှစ်အတွင်း ထိရောက်စွာအကောင်အထည် ဖော်နိုင်ခဲ့သည်။ ယင်းတို့တွင် စပါးနှင့် မျိုးစေ့ဘဏ်အတွက် စည်းရုံးဆောင်ရွက်မှုများ၊ စောစီးစွာ ကလေးဘဝ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကာကွယ်ပေးမှုအပေါ် စောင့်ကြည့်လေ့လာခြင်း နှင့် လိင်မှုနှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများကို တုံ့ပြန်ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

စပါးဘဏ် ကော်မီတီများ၏ ပုံမှန်အစည်းအဝေးများကို (KESAN) အဖွဲ့က စည်းရုံးကျင်းပနိုင်ခဲ့ပြီး၊ ယင်းတို့မှာ စပါးဘဏ် ကွန်ရက် ရေရှည်တည်တံ့နိုင်ရေးအတွက် အထူးအရေးကြီးပါသည်။ ခိုင်မာအားကောင်းသည့် စပါးဘဏ်ရှိနေခြင်းကြောင့် အကျိုးကျေးဇူးများကို (SAC) စစ်ကောင်စီတပ်ဖွဲ့များက လေကြောင်းမှတိုက်ခိုက်ပြီးနောက် ထွက်ပြေးလာကြရသော မိသားစု ၁၀၀ ကျော်သို့ ကျေးရွာစပါးဘဏ်များက ထောက်ပံ့မှု ပြုပေးနိုင်ပြီးနောက် လက်တွေ့ပြသနိုင်ခဲ့သည်။ ကျေးရွာလူထုများထံသို့ ဆန်စက် ၄ ခုကို ထောက်ပံ့ပေးနိုင်သည်။ ယင်းတို့မှာ စစ်ပွဲပဋိပက္ခများဖြစ်စဉ်တွင် အထူးအကျိုးရှိစေသည်။ စပါးများရိတ်သိမ်း

ပြီးနောက်တွင် အလျှင်အမြန် ကြိတ်ခွဲ၍ ပုန်းအောင်းရာနေရာများတွင် သိုလှောင်ထားနိုင်သည်။ KAD, TRIP NET, MWO နှင့် KNWO အဖွဲ့များက ရပ်ရွာ ၁၄-ခုတွင် ပူးပေါင်းဆောင်ရွက်၍ မျိုးစေ့ဘဏ်များကိုလည်း ထူထောင်ထားနိုင်ခဲ့သည်။ ယင်းတို့ကြောင့် စားနပ်ရိက္ခာလုံခြုံမှုအတွက် ထောက်ကူဖြစ်စေပြီး၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် နှင့် ရေရှားပါးခြင်း နှင့် ရေလွှမ်းမိုးခြင်း ကဲ့သို့သော သဘာဝကပ်ဘေးဒုက္ခများကြောင့် အတင်းအကျပ် ရွှေ့ပြောင်းထွက်ပြေးကြရသည့်ကာလများတွင် များစွာ အထောက်အကူ ဖြစ်စေပါသည်။

အခြားအရေးပါသည့် လူမှုဖူလုံရေး ကွန်ရက်လုပ်ငန်းစဉ်များတွင်၊ ကရင်အမျိုးသမီးအစည်းအရုံး (KWO) အဖွဲ့က ကရင်ပြည်နယ်ရှိ ကလေးထိန်းကျောင်း ၄၅ ခုရှိ ကလေး ၂,၁၀၀ ဦးအတွက် ထောက်ပံ့ပေးခြင်းဖြစ်သည်။ နောက်ပိုင်းတွင် အာဟာရ ရရှိရေး၊ အစားအသောက်နှင့် တကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ သင်တန်းများကိုလည်း ကလေးများနှင့် မိဘများအတွက် ပို့ချပေးသည်။ ထို့အပြင်၊ ကရင်ကျောင်းဆရာများ အလုပ်အဖွဲ့ (KTWG) က ကျောင်း ၃၁ ကျောင်းရှိ ဆရာ/ဆရာမ ၁၈၁ ဦးအတွက် လစာများ ပံ့ပိုးပေးနိုင်ခဲ့ပြီး၊ အခက်အခဲများ အကြီးအကျယ် ရင်ဆိုင်နေသည့်တိုင် ပညာရေးဆိုင်ရာ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ထောက်ပံ့မှုများကို မိဘများနှင့် ကလေးများကို စောင့်ရှောက်ပေးနေသူများသို့လည်း ထောက်ပံ့ပေးခဲ့ပြီး၊ ဤသို့အခြေအနေများ ကြုံတွေ့နေရသည့်တိုင် အိမ်အခြေပြု လေ့လာသင်ကြားမှုကို ဆက်လက်ဆောင်ရွက်နိုင်သည်။

ကာကွယ်ပေးမှုဆိုင်ရာ လေ့လာစောင့်ကြည့်မှု အတွက်မူ၊ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ၏ ရှေ့တန်းရှိ သုတေသနပြုနေသူများက၊ အုပ်ချုပ်ရေးဝန်ထမ်းများနှင့်အတူ တပ်မတော်က အရပ်သားပြည်သူများအပေါ် ကျူးလွန်နေသည့် လူ့အခွင့်အရေး အမျိုးမျိုးသော ချိုးဖောက်မှုများ၊ ကျူးလွန်မှုများကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ဤစုဆောင်းတင်ပြချက်များကို အွန်လိုင်းပုံနှိပ်ထုတ်ဝေမှုများနှင့် တိုက်တွန်းစည်းရုံးမှုကိစ္စများအတွက် အသုံးပြုနိုင်ခဲ့သည်။ ယင်းတို့တွင် ဝက်ဘ်ဆိုဒ်တွင် တင်ပြထားသော အစီရင်ခံစာ ၄၂ ခု အပါအဝင် ဖြစ်သည်။ (KHRG) ၏ စည်းရုံးတိုက်တွန်းမှုအဖွဲ့ဝင်များက ကုလသမဂ္ဂ လူ့အခွင့်အရေးရုံး (OHCHR)၊ နိုင်ငံ ၂၇ ခု၏ အမြဲတမ်းကိုယ်စားလှယ်ရုံးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အေဂျင်စီများ၊ နိုင်ငံခြားသံရုံးများ၏ သံတမန်များ အပါအဝင်၊ မတူခြားနားသော အရေးပါသည့် အင်အားစုများအကြား သတင်းများကို ဖလှယ်ဝေငှနိုင်ခဲ့သည်။ (ဖင်လန်၊ ယူကေနှင့် အိုင်ယာလန်) သံရုံးများ၊ အခြားသော ဒေသခံ အရပ်ဘက်အခြေစိုက်အဖွဲ့များ (CSO/CBOs) ထံသို့လည်း ဖလှယ်ဝေငှခဲ့သည်။

မွန်လူ့အခွင့်အရေးအဖွဲ့ (HURFOM) က ကုလသမဂ္ဂ အရာရှိများ၊ သံတမန်များ၊ သံရုံးအရာရှိများ၊ နိုင်ငံတကာ အဲန်ဂျီအိုများ၊ ရပ်ရွာ ကွန်ရက်များနှင့် ပုံမှန်တွေ့ဆုံနေပြီး၊ လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို တင်ပြခဲ့သည်။ (HURFOM) သည် မြန်မာနိုင်ငံတောင်ပိုင်းဒေသရှိ သတင်းအချက်အလက်များ ရရှိနိုင်ရေး အဓိကကျသည့် အဖွဲ့အစည်းတခု ဖြစ်ပြီး၊ စစ်အာဏာသိမ်းပြီးနောက်ပိုင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူဦးရေ ပြောင်းရွှေ့မှုများဆိုင်ရာ အစီရင်ခံစာ ၂ စောင် ထုတ်ပြန်ခဲ့သည်။

ကရင်လူ့အခွင့်အရေးအဖွဲ့ (KnHRG) က ပြည်တွင်းဒုက္ခသည် (IDPs) များနှင့် တွေ့ဆုံမေးမြန်းမှု ၃၅ ခု ဆောင်ရွက်ခဲ့ပြီး၊ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် သတင်းအချက်အလက်များ ကောက်ယူခဲ့သည်။ နှိပ်စက်ညှဉ်းပန်းခံရသော်လည်း အသက်ရှင်ကျန်ရသူများကို မှတ်တမ်းတင်ခဲ့သည်။ ဗီဒီယိုအင်တာဗျူး ၁၅ ခုကို ထုတ်ပြန်ခဲ့သည်။ လူမှုမီဒီယာတွင် အခြေအနေ သုံးသပ်ချက်များနှင့် ပြည်တွင်းဒုက္ခသည်များ၏ နောက်ဆုံးအခြေအနေများကို တင်ပြခဲ့သည်။ အလားတူပင် ဒေသခံ နှင့် နိုင်ငံတကာသတင်း မီဒီယာ အေဂျင်စီများသို့လည်း အင်တာဗျူးများ ဖြေကြားခဲ့သည်။

လိင်မှုဆိုင်ရာ နှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများကို တုံ့ပြန်နိုင်ရန်အတွက်၊ မိတ်ဖက်အင်အားစုများ က ဥပဒေကြောင်းဆိုင်ရာ၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အမှုစီမံခန့်ခွဲမှု ပံ့ပိုးမှုများကို (SGBV) အကြမ်းဖက်မှုများ ချိုးဖောက် နစ်နာခံရပြီးနောက် ရှင်ကျန်ရစ်သူ ၁၁ ဦးထံသို့ ပံ့ပိုးကူညီနိုင်ခဲ့သည်။ အလားတူပင် (SGBV) ဆိုင်ရာ ဆွေးနွေးပွဲသင်တန်း ၂၀ ကို စည်းရုံးကျင်းပနိုင်သည်။ ယင်းသင်တန်းများတွင် တက်ရောက်လာသူများသို့ ထုံးတမ်းစဉ်လာအရ သတ်မှတ်ခွဲခြားနှိမ်ခြင်း၊ အမူအကျင့်များ၊ တရားမျှတမှု ရရှိရန် ကြိုးပမ်းရာ၌ ဆိုးကျိုးသက်ရောက်ရသည့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးဆက်များ စသည် တို့ကို အသိပေး၍ ကူညီနိုင်ခဲ့သည်။ MWO, KWO နှင့် KNWO တို့က *"လိင်မှုဆိုင်ရာ နှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ ဆန့်ကျင်ရေးလှုပ်ရှားမှု ၁၆-ရက်တာကာလ"* ကမ်ပိန်းလှုပ်ရှားမှုများကို တက်ကြွစွာ ပါဝင်ခဲ့ကြပြီး၊ ဒေသခံ ဘာသာစကားများဖြင့် သတင်းများ၊ ကမ်ပိန်းလှုပ်ရှားမှု စာရွက်စာတမ်းများကို ဖြန့်ဝေခဲ့ကြသည်။ ဆွေးနွေးပွဲများ၊ လူထုစည်းဝေး ဟောပြောမှုများ၊ နှင့် စည်းရုံးတိုက်တွန်းမှုများကို လွှတ်တော်အမတ်များနှင့်အတူ ဥပဒေပြုပြင်ပြောင်းလဲရေးနှင့် အခြားသောလှုပ်ရှားမှုများအတွက် ဆောင်ရွက်ခဲ့ကြသည်။ (MWO) အဖွဲ့က အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆန့်ကျင်ရေးနေ့ကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ကျေးရွာ ၈ ခု၌ စည်းရုံးကျင်းပခဲ့သည်။

ရွှေ့ပြောင်းထွက်ပြေးနေရသည့် လူမှုအသိုက်အဝန်းများနှင့် ဝေးလံခေါင်းပါးသည့် ဒေသများသို့ ထိတွေ့နိုင်ရန်နှင့် သူတို့ကို နောက်ဆုံးအခြေအနေ သတင်းများ၊ အရေးပေါ်သတင်းများ ထောက်ပံ့ပေးနိုင်ရန် ရပ်ရွာလူထု သတင်းမီဒီယာများသည် ထိရောက်သည့် နည်းလမ်းတခု ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်အတွင်းတွင်၊ ကန္တရဝတီ တိုင်းမ်းစ် သတင်းဌာနက ထိုင်း-မြန်မာ နယ်စပ်အနီးရှိ ပြည်တွင်းဒုက္ခသည် (IDPs) စခန်းများသို့ ရေဒီယိုများနှင့် ဓာတ်ခဲများထောက်ပံ့ပေးခဲ့ပြီး၊ ရပ်ရွာရေဒီယို ထုတ်လွှင့်မှုများတွင် လူ့အခွင့်အရေးချိုးဖောက်မှုသတင်းများ အသိပေးနိုင်ခဲ့သည်။ ကရင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုလှုပ်ရှားမှု ကွန်ရက် (KESAN) ကလည်း၊ ရပ်ရွာပိုင် ရေဒီယိုသင်တန်းများ ဦးဆောင်ကျင်းပခဲ့ပြီး၊ ရေဒီယိုထပ်ဆင့်ထုတ်လွှင့်စက်ကို တပ်ဆင်နိုင်ရေး ပံ့ပိုးပေးခဲ့သည်။ ရပ်ရွာရေဒီယို ထုတ်လွှင့်မှုပို၍ ကျယ်ပြန့်လွှမ်းခြုံနိုင်ရန် ဖြစ်သည်။

## သင်ခန်းစာများ

### ထိုင်းနိုင်ငံ

- မြန်မာနိုင်ငံ၏ လက်ရှိလုံခြုံရေး အခြေအနေကြောင့် ထိုင်းနိုင်ငံရှိ ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကိုသာ ဦးတည်၍ အဓိက အလေးပေး ဆောင်ရွက်သွားမည် ဖြစ်သည်။
- မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အရေးပေါ်တုံ့ပြန်ပေးမှု ပြုရန် နိုင်ငံတကာ၏ အလေးထားမှုတွင်၊ စခန်းများအတွင်းရှိ ဒုက္ခသည် ၈၀,၀၀၀ ကျော်၏ အခြေခံလိုအပ်ချက်များကို ပစ်ပယ်မထားရန်၊ ဒုက္ခသည်လူထုများနှင့် ထိတွေ့ဆက်ဆံနေရန် အထူးအရေးကြီးပါသည်။
- အသစ်ရောက်ရှိလာသော ဒုက္ခသည်များကို ထိတွေ့နိုင်ရေးအတွက် ကုလ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် အဲန်ဂျီအိုများကို ခွင့်မပေးသောကြောင့်၊ ယာယီခိုလှုံရေးစခန်းများရှိ ဒုက္ခသည်များ၏ ချက်ချင်းကာကွယ်ပေးမှုဆိုင်ရာ လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်နိုင်ရန် ခက်ခဲနေသည်။

### မြန်မာနိုင်ငံ

- လူ့အခွင့်အရေး သင်တန်းပေးခြင်းများဖြင့် ရက်စက်ကြမ်းကြုတ်မှုများကို မှတ်တမ်းတင်ထားရန် လိုအပ်ပါသည်။ သို့မှသာ လူ့အခွင့်အရေးချိုးဖောက်မှုများ ပုံမှန်အနေအထားသဖွယ် ကျူးလွန်နေမှုများကို လျှော့ချနိုင်မည် ဖြစ်သည်။

လူသား ဂုဏ်သိက္ခာကို ပြန်လည်ခံစားနိုင်ရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို သတင်းပေးပို့မှုအပေါ် မိမိကိုယ်ကို ကာကွယ်ရေး မဟာဗျူဟာများကိုလည်း မြှင့်တင်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

- လူသားချင်းစာနာမှု အကူအညီများကို အလေးပေးဆောင်ရွက်ခြင်းဖြင့်၊ လူမှုရေးအရ ကာကွယ်ပေးမှုလုပ်ငန်း ဆောင်တာများ လျှော့ကျသွားမှု မဖြစ်စေပါ။ ယင်းအစား ကယ်ဆယ်ရေးကြိုးပမ်းဆောင်ရွက်ချက်များသည် လူမှုရေး အရ ကာကွယ်မှုပေးရေးလုပ်ငန်းများကို ဖြည့်ဆည်းမှု ဖြစ်စေပါသည်။ ဥပမာအားဖြင့် စပါး/မျိုးစေ့ဘဏ်များထူ ထောင်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ စောစီးစွာကလေးဘဝ ဖွံ့ဖြိုးစေရေး ပံ့ပိုးမှုများ နှင့် ကာကွယ်ပေးရေး လုပ်ငန်း အပေါ် စောင့်ကြည့်လေ့လာနေခြင်းများ ဖြစ်ပါသည်။
- အောင်မြင်သည့် စပါးဘဏ်/ ကွန်ရက်များအတွက်၊ ရပ်ရွာလူထုများအတွက် လုပ်ငန်းစဉ်တခုလုံးကို ခံယူ လုပ်ကိုင် နိုင်ရန် အချိန်ယူရန် လိုအပ်ပြီး၊ သူတို့၏ဒေသအခြေအနေနှင့် အများဆုံးလျော်ညီသည့် စည်းမျဉ်းများကိုလည်း လက်ခံ လိုက်နာနိုင်ကြရမည် ဖြစ်သည်။
- ဝေးလံသည့် ဒေသနေရပ်ရွာလူထုများအတွက် ရပ်ရွာလူထုပိုင် ရေဒီယိုဖြင့် ဆောင်ရွက်နိုင်ပြီး၊ အထူးသိရှိရန်လိုအပ် နေသော သတင်းများ၊ အချက်အလက်များကို ပေးပို့နိုင်မည် ဖြစ်သည်။ ယခုကဲ့သို့ အကြီးအကျယ် မငြိမ်သက်မှု ဖြစ်ပေါ်နေသော ကာလမျိုးတွင် မရှိမဖြစ် လိုအပ်ပါသည်။

## မဟာဗျူဟာ လမ်းညွှန်ချက် (၄)။ ဒေသခံများ၏ ပိုင်ဆိုင်မှု

တာဝန်ယူ တာဝန်ခံမှု၊ မိတ်ဖက်ပြုမှု နှင့် ဒေသခံတို့၏ ပိုင်ဆိုင်မှုကို အားဖြည့်ပေးခြင်းအားဖြင့် တာဝန်ယူမှုရှိသည့် အသွင် ကူးပြောင်းမှု သေချာဖြစ်ပေါ်စေခြင်း။

### အလေးပေး ဖော်ပြချက်များ

**ထိုင်းနိုင်ငံ**

- အဝေးမှနေ၍ ဆက်သွယ်မှုစနစ်ကြောင့် ဝန်ထမ်းများအကြား ပို၍ အကြိမ်များစွာ ဆက်သွယ်နိုင်ပြီး၊ သတင်းများကို ပို၍ ဖလှယ်နိုင်သည်။
- COVID ကူးစက်ကပ်ဘေးဆိုင်ရာ ကန့်သတ်ချက်များကို ကျော်လွှားနိုင်ရန်အတွက် အဝေးမှဆက်သွယ်သည့် ပုံစံဖြင့် နယ်စပ်တလျှောက်အဖွဲ့များ အစည်းအဝေးများ ခေါ်ယူနိုင်ခဲ့သည်။ သို့ဖြစ်ရာ ခရီးသွားလာရမှု လိုအပ်ချက်များ လျှော့ချနိုင်ပြီး၊ ပါဝင်တက်ရောက်ရန် လွယ်ကူသက်သာသောကြောင့်၊ ပို၍ကျယ်ပြန့်သော ပို၍စုံလင်ထွေပြားသော ပရိသတ်များကို ဖိတ်ခေါ်နိုင်သည်။

**မြန်မာနိုင်ငံ**

- ဒေသခံ မိတ်ဖက်အဖွဲ့အစည်း ၃၀ ကျော်ကို ထောက်ပံ့ပေးနိုင်ပြီး၊ ထိုသူတို့မှတဆင့် ရှုပ်ထွေးပွေလီသည့် အရေးပေါ် အခြေအနေကို တုံ့ပြန်ဆောင်ရွက်နိုင်သည်။
- တရားဝင် ဘဏ်စနစ်အခက်အခဲကြောင့် လုပ်ငန်းပြတ်တောက် ရပ်ဆိုင်းရမှုများ ရှိသော်လည်း ငွေကြေးဆိုင်ရာ ဘေးအန္တရာယ်ကို စီမံခန့်ခွဲနိုင်သည်။

- ကျန်းမာရေး၊ အာဟာရ ရရှိရေး၊ စပါး/မျိုးစေ့ဘဏ် စီမံခန့်ခွဲမှု၊ စီမံချက်စက်ဝန်း စီမံခန့်ခွဲမှု၊ ပဋိပက္ခအခြေအနေ အပေါ် အကဲဆတ်သိမြင်မှု၊ လိင်ကွဲပြားမှုအပေါ် သုံးသပ်ချက်နှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုဆိုင်ရာ သင်တန်း များကို အွန်လိုင်း နှင့် လူကိုယ်တိုင် မျက်နှာချင်းဆိုင် သင်တန်းများ ၉ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။
- STAND UP ၏ အလယ်အလတ်ကာလ ပြန်လည်သုံးသပ်မှုဖြင့်၊ မိတ်ဖက်ပြု ဆောင်ရွက်မှုအပေါ် သီးခြားလွတ်လပ်သည့်အကဲဖြတ် စစ်ဆေးမှုပြုနိုင်သည်။

**ထိုင်းနိုင်ငံ**

၂၀၂၁ ခုနှစ်အတွင်း စခန်းများသို့ သွားလာခွင့်ကို တင်းကျပ်စွာ ကန့်သတ်ထားချိန်ကာလ၌၊ ဒုက္ခသည်များက အကောင် အထည်ဖော်မှု လုပ်ငန်းများနှင့် လှုပ်ရှားမှုများကို အစီရင်ခံတင်ပြခြင်းများကို အဓိကအခန်းကဏ္ဍမှနေ၍ ဆောင်ရွက်ကြရရာ၊ ဒေသခံများ၏ ကိုယ်ပိုင်အဖြစ် ခံယူဆောင်ရွက်မှု ဆက်၍ တိုးတက်လာပါသည်။ ၂၀၂၁ ခုနှစ် အများပိုင်းကာလတွင်၊ (TBC) အဖွဲ့က စခန်းအခြေစိုက် မိတ်ဖက်အဖွဲ့များမှ အဝေးမှနေ၍ ဆက်သွယ်ဆောင်ရွက်ရပါသည်။ အလားတူပင် ၂၀၂၀ ခုနှစ်တွင် လည်း၊ အဝေးမှနေ၍ ဆက်သွယ်သည့်စနစ်ကို စတင်ချမှတ်ကျင့်သုံးခဲ့ရာ ဆက်သွယ်ရေးအတွက် အခွင့်အလမ်းများနှင့် သတင်းဖလှယ်မှု လုပ်ငန်းများ ဆက်၍ တိုးတက်နေပါသည်။ ဤအခြေအနေကြောင့် အစည်းအဝေးများတွင် စုံလင်ထွေပြားမှု တိုးများစေပြီး၊ လူကိုယ်တိုင် အစည်းအဝေးတက်ရောက်ရန် ခရီးသွားလာရသည့် အချိန်နှင့် ကုန်ကျစရိတ်များကိုလည်း ချွေ တာနိုင်ပါသည်။ လူများများပို၍ တက်ရောက်ပါဝင်နိုင်သည်။

ဤသို့အဝေးမှနေ၍ ဆက်သွယ်ဆောင်ရွက်ခြင်းအားဖြင့်၊ အစီအစဉ်များအပေါ် ဒေသခံတို့က ကိုယ်ပိုင်အဖြစ် ခံယူလုပ်ဆောင် မှုကို အလေးထားနိုင်ပြီး၊ အားဖြည့်ပေးနိုင်ပါသည်။ ထိုအပြင် သတင်းအချက်အလက် ဒေတာစီးဆင်းမှုကိုလည်း ကြိုးပမ်းဖြည့် ဆည်းနိုင်ပြီး၊ (TBC) ဝန်ထမ်းများက စောင့်ကြည့်လေ့လာမှု၊ ပြန်လည်သုံးသပ်မှု နှင့် ဆုံးဖြတ်ချက်ချမှတ်မှုများအတွက် လိုအပ် သည့် သတင်းအချက်အလက်များ ရရှိနိုင်အောင်လည်း သေချာဆောင်ရွက်နိုင်ခဲ့သည်။ ဤသို့အားဖြည့် ဆောင်ရွက်သည့် ဆက်သွယ်ရေးစနစ်ဖြင့် နယ်စပ်တခုလုံး ပါဝင်သည့် အစည်းအဝေး ၁၆ ကြိမ် ခေါ်ဆိုနိုင်ခဲ့သည်။ ယင်းတို့တွင် စခန်းစီမံခန့်ခွဲမှု အလုပ်အဖွဲ့များ အစည်းအဝေးများ၊ အရေးပါသည့် အင်အားစုများ (Stakeholder) အစည်းအဝေးများ၊ အမိုးအကာ ရရှိရေး ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးများ၊ စခန်းပြန်ကြားရေးစင်တာများ/ သတင်းအဖွဲ့များ ပူးပေါင်းညှိနှိုင်းမှု အစည်းအဝေး များနှင့် ကရင်ဒုက္ခသည်ကော်မီတီ (KRC) နှင့် စခန်းကော်မီတီ ပူးပေါင်းညှိနှိုင်းရေး အစည်းအဝေးများ အပါအဝင် ဖြစ်သည်။ ဤအစည်းအဝေးများကြောင့် လူကိုယ်တိုင်ကိုယ်ကျ တွေ့ရန်မဖြစ်နိုင်သော်လည်း၊ နယ်စပ်တလျှောက်လုံး တုံ့ပြန်ဆောင်ရွက် မှုများအတွက် ပူးပေါင်းညှိနှိုင်းရန်၊ စခန်းများကို ပြင်ဆင်ထားမှုပြုရန် ဖြစ်ပေါ်စေခဲ့သည်။

စုစုပေါင်း အရည်အသွေးမြှင့်သင်တန်း ဖ၅ ခု ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ်အတွင်း သင်တန်းအရေအတွက်သည် COVID-19 ကူးစက်ဘေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် လူအများစုဝေးနိုင်မှု မရှိတော့ရာ၊ သိသာစွာ သက်ရောက်မှု ရှိခဲ့သည်။ သို့သော်လည်း အချို့သောသင်တန်းများကို အဝေးမှနေ၍ အွန်လိုင်းဖြင့် ဆောင်ရွက်ခဲ့သည်။ ယင်းသင်တန်းများတွင် ရုံးနှင့် ကွန်ပြူတာ စီမံခန့်ခွဲမှု၊ အာဟာရ ရရှိရေးဆိုင်ရာ အကြောင်းအချက်များ၊ လိမ်လည်ခံရမှု လျှော့ချနိုင်ရေး အသိပေး သင် တန်းများနှင့် အဖွဲ့ဖွဲ့စည်းခြင်း နှင့် အစီရင်ခံစာ ရေးသားခြင်း သင်တန်းများ ဖြစ်သည်။

TBC အဖွဲ့က အကျိုးခံစားခွင့်ရှိသူများ တိုင်ကြားမှုနှင့် တုံ့ပြန်မှုလုပ်ငန်းစဉ်မှနေ၍ စုစုပေါင်း တိုင်ကြားစာ ၁၉ စောင် လက်ခံရ ရှိခဲ့သည်။ ယင်းတို့သည် "မိမိဘာသာ ကိုယ်ထူကိုယ်ထ အစီအစဉ်" မှနေ၍ အိမ်ထောင်စုများကို ထောက်ပံ့ပေးမှု အဆင့် အတန်း၊ စားနပ်ရိက္ခာ ခွဲတမ်း ရာရှင်စာအုပ် ရရှိမှု၊ စခန်းများမှထွက်ခွာသွားသူ ဒုက္ခသည်များအတွက် ရာရှင်စာအုပ်၊ စခန်း

တွင်းတွင် မဟုတ်သော်လည်း ရပ်ကွက်လူကြီးများက ဒုက္ခသည်များထံမှ ငွေကောက်ယူနေမှု၊ စားနပ်ရိက္ခာခွဲတမ်း ရရှိနိုင်မှု အခြေအနေ၊ အိမ်ထောင်ကျသည့်အခါ၊ သို့မဟုတ် ကွာရှင်းသည့် စုံတွဲများအတွက် သီးခြားရာရှင်စာအုပ် ထုတ်ပေးရန် တောင်းဆိုမှု...စသည်တို့ ဖြစ်ပါသည်။ တိုင်ကြားမှုများအားလုံးကို ရက် ၃၀ အတွင်း ပြန်လည်တုံ့ပြန် ဖြေကြားပေးခဲ့သည်။

## မြန်မာနိုင်ငံ

ဒေသခံများ၏ ကိုယ်ပိုင်အဖြစ် ခံယူလုပ်ဆောင်မှုသည် ရွှေ့ပြောင်းထွက်ပြေးလာရသည့် လူထုများ၏ လိုအပ်ချက်များကို ဖြေရှင်းပေးရာ၌ နှင့် COVID-19 ကူးစက်ကပ်ဘေး၏ ဆက်လက်ထိခိုက် သက်ရောက်နေမှုများကို ၂၀၂၁ ခုနှစ်အတွင်း ဖြေရှင်းဆောင်ရွက်ရာ၌ ထိရောက်စွာ တုံ့ပြန်ပေးနိုင်ခဲ့ကြောင်း သက်သေ ပြသခဲ့ပါသည်။ ခရီးသွားလာမှု ကန့်သတ်ချက်များကြောင့် လူတဦးနှင့်တဦး မျက်နှာချင်းဆိုင် ထိတွေ့မှု၊ ပစ်မှတ်ထားသည့် ရပ်ရွာလူထုများထံ သွားရောက်မှုများအတွက် ယခုတနှစ်လုံးတွင် ဆက်လက်၍ အကန့်အသတ်ရှိနေပါသည်။ သို့အတွက်ကြောင့် (TBC) အဖွဲ့က မိတ်ဖက်အဖွဲ့အစည်းများနှင့် အဝေးမှနေ၍ အွန်လိုင်းပလက်ဖောင်းမှတဆင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်လာပါသည်။ (TBC) အဖွဲ့၏ အဖွဲ့အစည်းဆိုင်ရာနှင့် နည်း ပညာဆိုင်ရာ ဖွံ့ဖြိုးမှု လျာထားချက်များကို ၂၀၂၁ ခုနှစ်အတွင်း လိုအပ်ချက်အရ ချိန်ညှိဆောင်ရွက်နိုင်ခဲ့သည်။ ယင်းတွင် အွန်လိုင်းမှတဆင့် ဆောင်ရွက်သည့် သင်တန်းများနှင့် မျက်နှာချင်းဆိုင် လူများတက်ရောက်သည့် သင်တန်းများလည်း အပါအဝင် ဖြစ်သည်။ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုအတွက် အများဆုံးတွေ့ရသည့် လိုအပ်ချက်များမှာ မဟာဗျူဟာမြောက် အစီအစဉ် ရေးဆွဲခြင်းနှင့် အဖွဲ့အစည်း၏ မူဝါဒများနှင့် လုပ်ငန်းစဉ်များ ရေးဆွဲခြင်းတို့ ဖြစ်သည်။ ဘဏ္ဍာရေးစီမံခန့်ခွဲမှု စနစ်များသည် ယေဘုယျအားဖြင့် သင့်တော်ကောင်းမွန်သော်လည်း၊ မိတ်ဖက်အဖွဲ့အများက အမျိုးမျိုးသော အလှူရှင်များထံမှ ရငွေများ၊ စီမံကိန်းအသုံးစရိတ်များအပေါ် စာရင်းအင်းများ ချုပ်ရန်၊ စုစည်းရန် အကူအညီ တောင်းဆိုမှု ရှိပါသည်။ (TBC) ဝန်ထမ်းများက ဤ တောင်းဆိုမှုများကို အဓိကအားဖြင့် လက်တွေ့လုပ်ဆောင်သင်ကြားပေးခြင်း တုံ့ပြန်ကူညီခဲ့ကြပြီး၊ အများအားဖြင့် အွန်လိုင်း မှနေ၍ ဆောင်ရွက်ခဲ့ကြပါသည်။

(TBC) အဖွဲ့နှင့် မွန်အမျိုးသမီးအဖွဲ့ (MWO) တို့သည် ကျား-မကွဲပြားမှုဆိုင်ရာ တန်းတူရေးကွန်ရက် (Gender Equality Network) အတွက် ကျား-မလိင်ကွဲပြားမှုဆိုင်ရာ ဆန်းစစ်လေ့လာမှုအတွက် သင်တန်း ၂ ခုကို ဦးစီးဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ ယင်းသင်တန်းများအတွင်း ပါဝင်တက်ရောက်သူများကို ကျား-မလိင် ကွဲပြားမှုဆိုင်ရာ သဘောတရားနှင့် လိင်ကွဲပြားမှုအပေါ် ဆန်းစစ်သုံးသပ်မှု အခြေခံမူဘောင်ကို မိတ်ဆက်ပေးသည်။ သို့မှသာ ပရောဂျက်အဖြစ် ဒီဇိုင်းရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်း နှင့် ပြန်လည်သုံးသပ်ခြင်းများ ဆက်၍ ပြုနိုင်မည်ဖြစ်သည်။ (NRC) က ပိုကောင်းမွန်စွာ လေ့လာနိုင်သည့် အစီအစဉ် (BLP) ကို ကမကထပြု ဦးဆောင်ခဲ့ပြီး၊ TBC, KTWG, MWO, MNEC နှင့် KWO အဖွဲ့အစည်းများမှ ဝန်ထမ်း ၁၉ ဦးကို သင်တန်းပေးခဲ့သည်။ (BLP) သည် စိတ်ပိုင်းနှင့် လူမှုရေးပံ့ပိုးမှု အစီအစဉ်ဖြစ်ပြီး၊ ယင်းက စစ်ပွဲပဋိပက္ခကာလများအတွင်း၊ သို့မဟုတ် ပြောင်းရွှေ့ထွက်ပြေးရစဉ်တွင် ဖြစ်ရပ်များကြုံတွေ့၍ စိတ်ထိခိုက် ဒဏ်ရာရစေခဲ့သည့် ကလေးများကို ဘက်စုံချည်းကပ်မှုသုံး၍ ပြန်လည်နာလံထူစေခြင်း ဖြစ်သည်။ သင်ကြားမှုအတွက် သူတို့၏အခြေအနေကို တိုးတက်လာစေသည်။

(STAND UP) စီမံချက်နှင့် အလယ်အလတ်ကာလ ပြန်လည်သုံးသပ်မှု (Mid-Term Review) ကို ၂၀၂၁ ခုနှစ်အကုန်တွင် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ယင်းက TBC အဖွဲ့နှင့်အတူ မိတ်ဖက်ဆောင်ရွက်နေကြသော အဖွဲ့အစည်းများသည် အထူးထိရောက်မှုရှိကြောင်း နိဂုံးချုပ်သုံးသပ်နိုင်ခဲ့ပါသည်။ (STAND UP) စီမံချက်၏ ပန်းတိုင်များ အောင်မြင်စေရန်အတွက် မရှိမဖြစ် အရေးကြီးသော လိုအပ်ချက်များ ဖြစ်ကြပါသည်။ ယင်းပြန်လည်သုံးသပ်မှု၏ အကျဉ်းချုပ်ကို ဖော်ပြထားရာမှ ပြန်လည်ကောက်နှုတ်ဖော်ပြရမည် ဆိုလျှင်၊ “*STAND UP စီမံချက်၏ မိတ်ဖက်အဖွဲ့အစည်းများသည် တိုင်းရင်းသားလက်နက်ကိုင်*

*အဖွဲ့အစည်းများ (EAOs) များ ထိန်းချုပ်ရာဒေသများရှိ ရပ်ရွာလူထုများကို ထောက်ပံ့ပေးသည့်လုပ်ငန်းများ၌ အခြေခံကျသည့် အခန်းကဏ္ဍတွင် ရှိနေကြပါသည်။ ဤနေရာများတွင် အနည်းအကျဉ်းသော အချို့အင်အားစုများကသာ လုပ်ဆောင် နိုင်စွမ်း ရှိကြပါသည်။ … ဒေသခံ ရပ်ရွာအခြေပြုအဖွဲ့များ (CSOs) သည် အကျပ်အတည်းကြုံတွေ့ရစဉ် ကာလအတွင်းတွင် စားနပ်ရိက္ခာလုံခြုံရေး၊ ကျန်းမာရေး နှင့် အာဟာရ ရရှိရေးအတွက် ဒေသခံရပ်ရွာလူထုများ၏ လိုအပ်ချက်များကို ဖြေရှင်းပေး ရာတွင် အဓိကပံ့ပိုးပေးခဲ့ကြပါသည်။”* ဟူ၍ ဖော်ပြထားသည်။

COVID-19 ကူးစက်ဘေးနှင့် စစ်အာဏာသိမ်းမှုတို့ကြောင့် စိန်ခေါ်မှု ပြဿနာ အခြေအနေများ ရှိနေသော်လည်း၊ မိမိတို့၏ မိတ်ဖက်များဖြစ်ကြသည့် ဒေသခံတို့၏ စွမ်းဆောင်ရည် နှင့် အခြေအနေနှင့် လိုက်လျောညီထွေ ကျင့်သုံးနိုင်စွမ်းသည် မရှိမဖြစ် အရေးကြီးပါသည်။ သို့အတွက်ကြောင့်သာ ယခုကာလတွင် လုပ်ငန်းအစီအစဉ်များနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးမှုများကို သေချာဆက်၍ ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။

## သင်ခန်းစာများ

### ထိုင်းနိုင်ငံ

- မဲလနှင့် အုန်းဖျံမိုင်စခန်းများတွင် ဆန္ဒပြမှုများသည် တစိတ်တပိုင်းအားဖြင့် ရပ်ရွာလူထုဆွေးနွေးပွဲများ ရှိမနေသောကြောင့် ပို၍ဆိုးရွားသွားရခြင်းဖြစ်ပြီး၊ ဒုက္ခသည်များအတွက် သူတို့၏မကျေနပ်မှု နှင့် နစ်နာမှုများကို ဖော်ထုတ်ရန် သင့်တော်သော နေရာဝန်းကျင်ရှိမနေကြောင်း ပြသနေသည်။ ရပ်ရွာလူထု ထိတွေ့ဆက်ဆံရေး နည်းလမ်းများကို ပံ့ပိုးပေးရန် ဆက်၍ လိုအပ်နေပြီး၊ တဖက်တွင် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေစဉ်အတွင်း၌ ဒုက္ခသည်များ၏ စိုးရိမ်ပူပန်မှုများကို သေချာကြားနိုင်ရန် ဆောင်ရွက်ရပေမည်။
- COVID-19 ကူးစက်ဘေးကာလတွင် အွန်လိုင်းမှတဆင့် ဆက်သွယ်မှုများ တိုးများလာသည်ကို တွေ့ရသည်။ သို့သော်လည်း TBC ၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် မျက်နှာချင်းဆိုင် အမှန်တကယ် တွေ့ဆုံမှုများ လိုအပ်နေကြောင်း ထင်ရှားပြသနေပါသည်။ သို့မှသာ ဒေသခံမိတ်ဖက်များနှင့် TBC အဖွဲ့၏ ဆက်ဆံမှု ခိုင်မာအားကောင်းနေစေရန် ထိန်းသိမ်းထားနိုင်မည် ဖြစ်ပါသည်။

### မြန်မာနိုင်ငံ

- တပ်မတော်က စစ်အင်အားတိုးချဲ့ချထားလာခြင်း နှင့် စစ်သားအရပ်သားမခွဲခြားဘဲ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်နစ်နာရမှုများကို (TBC) ၏ မိတ်ဖက်အဖွဲ့အစည်းများ၏ ရေရှည်တည်ဆောက်ထားသည့် ကွန်ရက်များနှင့် စစ်ပွဲ ပဋိပက္ခဖြစ်ပွားရာဒေသများမှ အတွေ့အကြုံများကြောင့် ထိခိုက်နစ်နာမှု သက်သာစေနိုင်ခဲ့သည်။
- (TBC) နှင့် မိတ်ဖက်အဖွဲ့အစည်းမှ ဝန်ထမ်းများအကြား အဝေးမှနေ၍ ဆက်သွယ်မှု စနစ်များနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေကို သိရှိဆောင်ရွက်နိုင်ရန် သေချာဆောင်ရွက်ထားရန် လိုအပ်နေပါသေးသည်။ သက်ဆိုင်ရာ အခြေခံ အဆောက်အဦများကို တပ်ဆင်၍ ထိန်းသိမ်းထားရန် လိုအပ်သည်။
- COVID-19 နှင့် စစ်အာဏာသိမ်းမှုကြောင့် ပြတ်တောက်ရပ်ဆိုင်းရမှုများနှင့် စိန်ခေါ်မှုပြဿနာများ ရှိနေသော်လည်း အဝေးမှနေ၍ မိတ်ဖက်ပြု ဆောင်ရွက်မှုကို ဆက်လက်၍ ဆောင်ရွက်နိုင်ကြသည်။ ဤသို့ မိတ်ဖက်ပြုထားမှုကြောင့် တီထွင်ဆန်းသစ်မှုများနှင့် အချိန်၊ အခြေအနေနှင့်အညီ ပြောင်းလဲ၍ လူသားချင်းစာနာမှု အကူအညီဆိုင်ရာ၊ ဖွံ့ဖြိုး

ရေးဆိုင်ရာ နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ဆုံချက်များအတွက် စီမံနိုင်မှု ဖြစ်ပေါ်စေရန် တွန်းအားပေးပါသည်။

- ဒစ်ဂျစ်တယ် ဒေတာစုဆောင်းမှုသို့ ရွှေ့ပြောင်းကျင့်သုံးရန် ပို၍ အရေးပါလာနေသည်။ အကြောင်းမှာ ပစ်မှတ်ထားသည့် ဧရိယာများသို့ ခရီးထွက်ရာတွင် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ တိုးများလာနေသောကြောင့် ဖြစ်သည်။
- ဒေတာအချက်အလက်များ၏ အရေအတွက်အတွက် မဟုတ်ဘဲ အရည်အသွေးအတွက်ဆိုလျှင် အဝေးမှနေ၍ စောင့်ကြည့်လေ့လာနေခြင်းသည် ထိရောက်မှု ရှိပါသည်။ ယင်းကို တတိယအဖွဲ့အစည်းတခုက ပြန်လည်ဆန်းစစ်အတည်ပြုပေးခြင်း (ချိန်ညှိစစ်ဆေးခြင်း- triangulation) အားဖြင့် အားဖြည့်နိုင်ပါသည်။ ထောင်လိုက်ဖြစ်စေ၊ ကဏ္ဍများတခုချင်းအလိုက်ကို ဖလှယ်၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။ ထုတ်လုပ်နိုင်မှုနှင့် သက်ရောက်မှုအကြား စစ်တမ်းကောက်ယူမှုများကို ချိတ်ဆက်နိုင်ပါသည်။